# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# သတ္တမနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၇၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ဖခင်ကျန်းမာရေး။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကျန်းမာရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကျန်းမာရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ မိသားစုကိစ္စ။ ဗိုလ်မှူးဇော်ခင်ထွဋ်၊ တပ်မတော်၊ တာဝန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲ များတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)၏ လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်း ထားတဲ့ ပုဂ္ဂိုလ်တွေကတော့ (၂၅)ဦးခန့် ရှိပါတယ်။ ယနေ့ စတင်ဆွေးနွေးကြတဲ့ ဒီအဆိုဟာ စနစ်(၂)ခုကို နှိုင်းယှဉ်ဆွေးနွေးရမှာ ဖြစ်တဲ့အတွက် အလွန်လေးနက်ပါတယ်။ ဒါကြောင့် ဆွေးနွေးလိုတဲ့ ပုဂ္ဂိုလ်အားလုံးကို ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ဒါ့အပြင် မိမိတို့ဆွေးနွေးပိုင်ခွင့် မိနစ်(၂၀)ကိုလည်း အပြည့်အဝပေးမှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့ နေရာမှာ ပုဂ္ဂလိကအကျိုး၊ ပါတီအကျိုးထက် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးကို ရှေ့တန်းတင် စဥ်းစားကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်အတွက် အမှန်တရားကို ဝိုင်းဝန်းဆွေးနွေး ရှာဖွေကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် စနစ်ကိုသာ ဦးစားပေး ဆွေးနွေးကြဖို့နဲ့ တစ်ဖက်သားကို ပုတ်ခတ်ခြင်း၊ မိမိကိုယ်ကို အမွှန်းတင်ခြင်း မပြုကြဖို့၊ နည်းဥပဒေနှင့်အညီသာ ဆွေးနွေးကြဖို့ ကြိုတင်ပြောကြားလိုပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၀။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံဆွေးနွေးမည့် အကြောင်းအရာကတော့ ၂၀၁၄ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့တွင် အမျိုးသားလွှတ်တော်တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် တင်သွင်းသွားသော လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲတွင်မဆို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် ဥပဒေပြင်ဆင်ရေးလုပ်ငန်းကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဒေါ်ခင်ဝိုင်းကြည် မတင်သွင်းခင်မှာ အမျိုးသားလွှတ်တော်ရုံးက ဖြန့်ဝေထားတဲ့ စာတစ်စောင်တွေ့ရှိရပါတယ်။ အဲဒီစာက ၂၀၁၃ ခုနှစ်၊ မေလ(၁၃)ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုလွှတ်တော် နာယကထံကို ရွေးကောက်တင်မြှောက်ပုံနှင့် စပ်လျဥ်းပြီးတော့ အဆုံးအဖြတ်ပေးရန် စာကို ဖြန့်ဝေထားတာတွေ့ရှိပါတယ်။ အကျဥ်းချုပ်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲမှာ ဒီမိုကရေစီ မိတ်ဆွေပါတီ(၁၀)ပါတီကနေပြီးတော့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်နေ့မှာ ပါတီမိတ်ဆွေ (၁၀)ပါတီဖြစ်တဲ့ ချင်းအမျိုးသားပါတီ၊ ဒီမိုကရက်တစ်ပါတီမြန်မာ၊ ဒီမိုကရက်တစ်ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ပြည်ထောင်စု ဒီမိုကရေစီပါတီ၊ ဖလုံ-ဇဝေါ ဒီမိုကရစ်တစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစု၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ စသည်ဖြင့် (၁၀)ပါတီကနေပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို စာတင်ထားတာ တွေ့ရပါ တယ်။

အဲဒီတင်ထားတဲ့ အချက်အပေါ်မှာ မူတည်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်းပဲ ပြည်ထောင်စုလွှတ်တော်နာယကထံကို စာတင်ခဲ့ပါတယ်။ အဲဒီစာက ကျွန်တော်တို့ လွန်ခဲ့တဲ့ လ အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ မေလ(၁၃)ရက်နေ့မှာ စာတင်ခဲ့ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဖြန့်ဝေထားတဲ့အတွက်ကြောင့်

ကျွန်တော်တို့ ကြိုတင်ပြီးတော့ လေ့လာထားရှိခဲ့ပါတယ်။ အဲဒီအဆိုကို ၂၀၁၄ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့မှာ အဆုံးအဖြတ်ပေးရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် က ဒါ အဆို တင်သွင်းခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ အဓိကအချက်ကနေပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် ဒီမိုကရေစီပါတီ မိတ်ဆွေ တင်ပြချက်မှာ အချက် ကျွန်တော်တို့ (၅)ချက်တွေ့ရပါတယ်။ နံပါတ်(၁)က တစ်ဦးတည်း မဲအများဆုံးရသူ အနိုင်ရယူသွားတဲ့ကိစ္စ။ နံပါတ်(၂)က ပြည်သူလူထုဆန္ဒကို တိကျ မှန်ကန်စွာ ဖော်ပြနိုင်ခြင်းမရှိတဲ့ ကိစ္စ။ နံပါတ်(၃)က အိမ်နားနီးချင်းနိုင်ငံရှိ နိုင်ငံများဟာ အချိုးကျစနစ်ကို သုံးစွဲလာသည့်ကိစ္စ။ နံပါတ်(၄)အချက်က PR စနစ် ကိုယ်စားပြုတဲ့စနစ်က တိုင်းရင်းသားပါတီများ၊ ပုဂ္ဂလိကများ ပါဝင်ခွင့်ရရှိခြင်း၊ ရွေးကောက်ပွဲစနစ်က အာဏာရှင်စနစ်ကို တားဆီးနိုင်ခြင်းနဲ့ကိစ္စ။ နံပါတ်(၅)အချက်က နောင် မြန်မာနိုင်ငံ၏ လိုက်လျောညီထွေမည့် (PR စနစ် + FPTP) စနစ်နဲ့ ပူးပေါင်းပြီးတော့ (Mixed Member Proportional System) ကို ဒါ ပြောင်းလဲပေးဖို့ကိစ္စ။ အဲဒါကို ကျွန်တော်တို့ အဓိကထည့် တင်ပြသွားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတင်ပြသွားတဲ့ အချက်(၅)ချက်ကို လေ့လာကြည့် လို့ရှိရင် ဘာသွားသတိထားမိလည်းဆို ပြီးခဲ့တဲ့ ကျွန်တော်တို့ အတိတ်ကာလက ကျင်းပသွားခဲ့တဲ့ ရွေးကောက်ပွဲစနစ်ကို ပြန်ပြီးတော့ လေ့လာနိုင်ပါတယ်။ အဲဒီတော့ ပြန်ပြောရမယ်ဆိုရင် ကျွန်တော်တို့ 1947 နောက်ပိုင်းမှာ ခုနလိုပေါ့၊ ပါလီမန်ဒီမိုကရေစီခေတ်၊ လမ်းစဉ်ပါတီရွေးကောက်ပွဲခေတ်၊ ၁၉၉၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲခေတ်၊ နောက် ၂၀၁၀ ပြည့်နှစ်၊ ဒီမိုကရေစီပါတီစုံ အထွေထွေ ရွေးကောက်ပွဲခေတ်၊ နောက် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကာလ စသည်တို့ကို ကျွန်တော်တို့ ဒီ ရွေးကောက်ပွဲကာလအနေနဲ့ ပြောရရင်(၅)ခု အနေအထားတွေ့ရှိရပါတယ်။ အဲဒီခေတ်၊ အဲဒီကာလက ဆိုရင်တော့ ခုနလိုပေါ့၊ မဲအများဆုံးရသူ အနိုင်ရစတမ်းဖြစ်တဲ့ FPTP စနစ်ကို ကျွန်တော်တို့ ကျင့်သုံးသွား တာ တွေ့ရပါတယ်။

အဲဒီလိုကျင့်သုံးသွားသည့်အတွက်ကြောင့် ကျွန်တော်တို့ ဒီ ဖဆပလပါတီကြီးဟာ ဆိုလို့ရှိရင် ဒါက၊ အဲဒီခေတ်ကာလက (၉၅.၃)ရာခိုင်နှုန်းနဲ့ ဒါ ဒီခုနလို မဲရွေးရာမှာ အပြတ်အသတ်နိုင်ခဲ့ပြီးတော့ ကျန် တဲ့ပါတီ ခုနလိုပေါ့၊ ဗမာပြည်ကွန်မြူနစ်ပါတီတို့က (၉)ဦး၊ ကရင်လူငယ်အစည်းအရုံးက (၁၉)ဦးသာ ကျွန်တော်တို့တွေ မဲအနေနဲ့ ဒါ အကြမ်းဖျဉ်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ ပါတီတစ်ခုတည်း အနိုင် ရသည့်အတွက်ကြောင့် အတွင်းဝိရောဓိ ပဋိပက္ခကြောင့် ပြိုကွဲမှုတွေ ဖြစ်လာခဲ့ရပါတယ်။ အကယ်၍သာ အဲဒီတုန်းက PR စနစ်ကိုသာ တိုင်းရင်းသားတွေကရော၊ ပါတီငယ်လေးတွေကပါ ခုန ကျင့်သုံးခဲ့မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ အခု ပါတီတွေလည်း မပြိုကွဲဘူး။ တိုင်းရင်းသားငယ်လည်း ခုနကလို အပြင် ရောက်သွားမယ့် အဖွဲ့အစည်းတွေလည်း မရှိနိုင်ဘူးလို့ ကျွန်တော်သုံးသပ်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချိုးကျ ကိုယ်စားပြုရွေးချယ်ရေးစနစ်ကို ၁၈၅၇ ခုနှစ်က ဒိန်းမတ်မှာ စတင်အသုံးပြုခဲ့ပါတယ်။ အဲဒီစနစ်ကြောင့် ဘယ်လိုဖြစ်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ဆိုလို့ရှိရင်တော့ အခုမှ စတင်ကျင့်သုံးမယ်ဆိုတော့ ခုနလိုပေါ့၊ ဒါက နည်းနည်းလေးတော့ သူများထက်စာရင်တော့ နောက်ကျတဲ့ သဘောတော့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီကို ကျင့်သုံးတဲ့ နိုင်ငံပေါ့လေ၊ အချိုးကျ ကြည့်မယ်ဆိုလို့ရှိရင် အချိုးကျ ကိုယ်စားလှယ်ကို သုံးတာကြည့်မယ်ဆိုလို့ရှိရင် ဒီမိုကရေစီနိုင်ငံ (၁၆၇)နိုင်ငံအနက် (၈၇)နိုင်ငံဟာ

ကျွန်တော်တို့ PR စနစ်ဆိုတဲ့ အချိုးကျစနစ်ကို စတင်ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမှာ ဘာဖြစ်လို့ ဒီမိုကရေစီစနစ်ရဲ့ အဆုံးအဖြတ်ကို ကိုယ်ရဲ့ သဘောထားကနေပြီးတော့ အများစုရဲ့ အဆုံးအဖြတ်ကို၊ ဒါက အဆုံးအဖြတ်ကို နာခံပြီး၊ အနည်းစုရဲ့ လိုလားချက်ကိုလည်း ခုနကလိုပေါ့၊ လိုက်လျော နားလည်ပေးတဲ့၊ နားထောင်ပေးတဲ့ သဘောလည်း ပါပါတယ်။ ဒါကြောင့်မို့လို့ PR စနစ်ဟာ အဓိကအားဖြင့် အဲဒီအချက်တွေနဲ့လည်း ကျွန်တော်တို့ ပြည့်စုံမယ်လို့ ထင်ပါတယ်။

ၚင်းအပြင် ကျွန်တော်တို့ PR စနစ်ရဲ့ အားသာချက်ကလေးကို နည်းနည်းတင်ပြရမယ်ဆိုလို့ရှိရင် ပါတီငယ်များအား ထောက်ခံသူများအပါအဝင် နိုင်ငံရေးအုပ်စုများသည် တရားမျှတသော ကိုယ်စားပြုကို ဒါ ပြုနိုင်ပါတယ်။ မဲဆန္ဒရှင်များကို ရွေးချယ်ရာမှာ စိတ်ဝင်တစား မဲထည့်မည့်သူ အရေအတွက် ပိုများလာပြီး၊ လုထုများ ပါဝင်မှု ရေချိန်မြင့်တက်လာမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက လွှတ်တော်အတွင်းမှာ နိုင်ငံရေးပါတီတွေက ပိုမိုပါဝင်လာသည့်အတွက် ကိုယ်စားပြုသည့် အမြင်အမျိုးမျိုး ရှိလာနိုင်ပါတယ်။ နောက် ပါတီမှ တင်မြှောက်သည့် ကိုယ်စားလှယ်လောင်းများဟာ အရည်အချင်းပြည့်မီသူ၊ ကိုယ်စားလှယ်များ၏ အရည်အသွေး တိုးတက်လာမှာ ဖြစ်ပါတယ်။ လူမျိုးစုံ၊ ဘာသာစုံ ကိုယ်စားလှယ်မျိုးစုံပါလာသည့်အပြင် အမျိုးသမီးကိုယ်စားလှယ်များဟာလည်း ပိုမိုတိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။ နောက် ပါတီကြီးတစ်ခုရဲ့ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ ခုနလိုပေါ့၊ ထိန်းကျောင်းတဲ့ စနစ်နဲ့ ဒါ ပြန်လည်ထိန်းနိုင်ပါတယ်။ နိုင်ငံရေးအင်အားစုက လွှတ်တော်မှာ သိမ်းပိုက်ကာကွယ်တဲ့ ဟာမျိုးကိုတောင် ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းများသည် သတ်မှတ်မဲ မရရှိပါက မဲအနည်းငယ်ရရှိသော ကိုယ်စားလောင်းများကို ထုတ်ပယ်ပြီး ထိုမဲများကို အခြားသော မိမိရဲ့ ကိုယ်စားလှယ်များထံ ပြန်လည်ပေးနိုင်၍ မျှတသည့်စနစ် PR စနစ်ကို အချိုးကျ ဒါ ခံစားနိုင်မှာ ဖြစ်ပါတယ်။

ဒါကတော့ အားသာချက်၊ အားနည်းချက်ကို အားသာချက်ကို တင်ပြပြီးတဲ့နောက်ပိုင်း၊ အားနည်းချက်ကိုတော့ ကျွန်တော် သိပ်ပြီးအထွေအထူး မတင်ပြလိုပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာတစ်ဝှမ်းလုံးမှာ ကျင့်သုံးနေသည့် ဒီမိုကရေစီသည် ကိုယ်စားပြုဒီမိုကရေစီ (Representative Democracy) ဖြစ်ပါတယ်။ ပြည်သူလူထု ကိုယ်စားပြုရာမှာ ကျယ်ပြန့်နိုင်သမျှ ပြည့်စုံစွာ ကျွန်တော်တို့ ဒါ ကိုယ်စားပြုနိုင်ပါတယ်။ ဒီမိုကရေစီ အတိုင်းအတာလည်း ပြည့်စုံပါတယ်။ ကျွန်တော်တို့ ကြုံတွေ့ရတဲ့ ရွေးကောက်ပွဲတွေမှာ ဒါ ပြောနေကြ အတိုင်းအရ ပြောရမယ်ဆိုရင် ဟာ တကယ့်ကို ခက်ခက်ခဲခဲ ပြိုင်ရတယ်။ ဟာ တကယ့်ကို နှာတစ်ဖျားနဲ့ သာသွားတယ်။ ဒါဟာဆိုရင် ပြန်တွက်ကြည့်မယ်ဆိုလို့ရှိရင် တစ်ဖက်သားရဲ့ ခုနလိုပေါ့၊ အင်အားစုကို ကျွန်တော်တို့က အနိုင်ယူသွားသလို ဖြစ်တဲ့သဘောမျိုး ဖြစ်ပါတယ်။ အဲဒီတော့ (၂၁)ရာစုမှာ ဒီမိုကရေစီ နိုင်ငံအများစုဟာတဲ့ ဒီမိုကရေစီခံတပ်ဖြစ်တဲ့ ဗြိတိန်တို့၊ ဗြိတိသျှတို့ကို ဒါ ခုနလိုပေါ့၊ FPTP စနစ်မှာ တွယ်ကပ်ပြီး သူမကျန်ရစ်တော့ဘဲနဲ့ အချိုးကျကိုယ်စားပြု ဒီမိုကရေစီစနစ်ကို ဦးတည်ပြီးလာနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ တကယ့် ဗြိတိန်နိုင်ငံတောင်မှ စတော့တလန်ပြည်နယ်တို့၊ ကျွန်တော်တို့ ဝေးလ်ပြည်နယ်တို့ဟာ ဆိုလို့ရှိရင် လက်ရှိ နဂိုက FPTP စနစ်ကို ကျဉ်ဖယ်ပြီးတော့ ဒါ ခုနလိုပေါ့ PR စနစ်ဆီကို ကူးပြောင်းလာတာ တွေ့ရမှာဖြစ်ပါတယ်။ အချိုးကျ ကိုယ်စားပြုသည့် ရှေ့မှာ အားသာချက်၊ အားနည်းချက်များ တွေ့ရတာဟာ FPTP စနစ်ထက် သိသာစွာ အားသာရုံသာမက Liberal Democracy ၏

အခြေခံသဘောတရားဖြစ်တဲ့ အများစုသည် အုပ်ချုပ်ခွင့်ရှိသည်။ သို့သော် ပြည်သူလူထုတစ်ရပ်လုံးသည် ကိုယ်စားပြုခွင့် ရှိသည်။ Majority may rule but all of the people should be represented ဆိုတဲ့ ဒါ ခုနလိုပေါ့၊ ဒီ အထပ်ထပ်အခါခါ အများရဲ့ ဆန္ဒသဘောထားကို ဖော်ပြနေတာ တွေ့ရပါတယ်။

ဒါကြောင့် ယင်းဒီမိုကရေစီ သဘောတရားနဲ့ ကိုက်ညီပြီး နိုင်ငံ့အခြေအနေနဲ့လည်း လိုက်လျောညီထွေမည့် ရွေးကောက်မှုစနစ်ကို ဝိုင်းဝန်းကြိုးပမ်းသင့်ပါကြောင်း အကြံပြုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲကျင်းပပုံစနစ်ကို ပြောင်းလဲမည် ဆိုလျှင် သဘောတူလက်ခံသူ ရှိသလို၊ သဘောမတူ ဆန့်ကျင်သူများလည်း ရှိလာနိုင်ပါတယ်။ ဝေဖန်မှုနဲ့ ဆန့်ကျင်မှုများ မလွဲမသွေ တွေ့ကြုံမည် ဖြစ်ပါတယ်။ မိမိတို့ လိုလားပုံဖော်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာ၌ လည်းကောင်း၊ ဒီမိုကရေစီကျင့်စဉ်၌ လည်းကောင်း၊ ပါတီစုံစနစ်တွင် ပါတီစုံ၏ ရှင်သန်နိုင်မှု၊ အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၌ လည်းကောင်း၊ သက်ဆိုင်ရာ ပါတီနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံအတွက် အားထားရသော ပုဂ္ဂိုလ်များ လွှတ်တော်ကိုယ်စားလှယ်အတွင်း ဝင်ရောက်နိုင်ပြီး နိုင်ငံရေး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဒီအတွက် မည်သည့်ရွေးကောက်ပွဲပုံစံမျိုးကို ကျင့်သုံးခြင်းက သင့်တော်သည်၊ မည်သည့်ပုံစံမျိုးက မသင့်တော်သည် စသည်တို့ကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ အနာဂတ်အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြောင်းလဲမှုကျင့်သုံးရေးများအပေါ် ပြည်သူများ ကောင်းစွာနားလည်သဘောပေါက်ပြီး ကျယ်ပြန့်စွာ အသိပေး၊ ပညာပေးရန်လည်း လိုအပ်ပါတယ်။ ကြုံတင်ပြင်ဆင်ဆောင်ရွက်မည့် ကိစ္စရပ်များ များစွာရှိမည်ဖြစ်သဖြင့် အချိန်ယူဆောင်ရွက်ရန် လိုအပ်ပါတယ်။ ရွေးကောက်ပွဲလွန်ကာလတွင် နိုင်ငံတော်တည်ဆောက်မှု ယန္တရားတည်ငြိမ်မှု ဖြစ်ပေါ်လာရေးလည်း အရေးကြီးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြရသော် နိုင်ငံ၏ အတိတ် သမိုင်းနှင့် ကမ္ဘာ့နိုင်ငံရေး၏ အတွေ့အကြုံများအားလုံးကို ခြုံငုံသုံးသပ်၍ အကောင်းဆုံးသော နည်းလမ်း ကို မိမိတို့ ရွေးချယ်ပိုင်ခွင့်ရှိသည့်ကာလတွင် ပြတ်သားစွာ အဆုံးအဖြတ်ပေးရမည် ဖြစ်ပါကြောင်း တင်ပြရင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် တင်သွင်းသွားတဲ့ လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အချိုးကျကိုယ်စားပြုကျင့်သုံးရန် ဥပဒေပြင်ဆင်ရေး လုပ်ငန်းကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၂၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ

အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဣန္ဒြန်တော် ဦးအုန်းတင် မှ လေးစားစွာဖြင့် ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ ရွေးကောက်ပွဲစနစ်ဆိုတာ အဲဒီနိုင်ငံရဲ့ အစိုးရအဖွဲ့ သို့မဟုတ် လွှတ်တော်တစ်ရပ်ရပ်မှာ နေရာရရှိရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီများနဲ့ လူပုဂ္ဂိုလ်များရဲ့ အနိုင်အရှုံး သို့မဟုတ် အဆင့်နေရာကို မဲပေးပြီး တွက်ချက်သတ်မှတ်တဲ့ နည်းလမ်းတစ်ခုပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုသော် မဲအရေအတွက်နဲ့ အစိုးရအဖွဲ့ထဲမှာ သို့မဟုတ် လွှတ်တော်တစ်ရပ်ရပ်ထဲမှာ နေရာ သတ်မှတ်ထားတာပဲ ဖြစ်ပါတယ်။ ယနေ့ ကမ္ဘာပေါ်မှာ ကျင့်သုံးနေတဲ့ မတူကွဲပြားတဲ့ ရွေးကောက်ပွဲစနစ်တွေ ရှိနေကြပါတယ်။ နိုင်ငံတစ်ခုထဲမှာ တောင်မှ နေရာဒေသ ကွဲပြားမှုနဲ့ အစိုးရအဖွဲ့အဆင့် ကွဲပြားမှုအပေါ် မူတည်ပြီးတော့ မတူညီတဲ့ ရွေးကောက်ပွဲစနစ်တွေကို ကျင့်သုံးနေကြတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကမ္ဘာ့နိုင်ငံများမှာ ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်တွေကို လေ့လာတဲ့အခါ အကြမ်းဖျင်းအားဖြင့် (၃)မျိုး (၃)စား ခွဲခြား လေ့လာနိုင်မှာကို တွေ့ရပါတယ်။ အဲဒါတွေကတော့ နိုင်သူ အကုန်ယူမဲစနစ် (Plurality Electoral System)၊ နောက်တစ်ခုက အများစု အသာမဲစနစ် (Majority Electoral System) နောက်တစ်ခုက အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation System) ဆိုပြီးတော့ အမျိုးအစား (၃)မျိုး ခွဲခြားလို့ ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်သူ အကုန်ယူမဲစနစ် (Plurality Electoral System) ဒီရွေးကောက်ပွဲစနစ်ကို နိုင်သူအကုန်ယူ (Winner Takes All) စနစ် သို့မဟုတ် ပထမရသူ ရာထူးယူ (First Past The Post - FPTP) စနစ်လို့ ခေါ်ကြပါတယ်။ ရွေးကောက်ပွဲတစ်ခုတွင် မဲအများဆုံး ရရှိသူဟာ အနိုင်ရသူပဲ ဖြစ်ပါတယ်။ သူဟာ အများစု အသာမဲ Majority 50 Percent plus one of the Vote ရရန် မလိုတော့ပါ။ အင်္ဂလိပ်စကား ထည့်ပြီး ပြောတဲ့အတွက်ကြောင့် ခွင့်ပြုပါခင်ဗျား။ အခြားပြိုင်ဘက် အရွေးခံသူတွေထက် မဲအရေအတွက် များဖို့ပဲ လိုပါတယ်။ ဒီ နိုင်သူ အကုန်ယူ မဲပေးစနစ်ကို မဲဆန္ဒနယ်တစ်ခုမှာ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးချယ်တဲ့ ရွေးကောက်ပွဲတွေမှာ အသုံးပြုရပါတယ်။ ဒီစနစ်မှာ မဲဆန္ဒရှင်များနဲ့ ရွေးချယ်ခံကိုယ်စားလှယ်တို့ ထိတွေ့ဆက်ဆံမှု ရရှိတဲ့အတွက် ပိုမိုတာဝန်ရှိလာပြီး ပိုမိုတုံ့ပြန်ဆောင်ရွက်ပေးနိုင်တဲ့ အုပ်ချုပ်မှုစနစ် ပေါ်ပေါက်လာနိုင်ပါတယ်။ အခြားသော ရွေးကောက်ပွဲစနစ်တွေနဲ့ နှိုင်းယှဉ်ရင် မဲပေးပုံစနစ် အလွယ်ကူဆုံးလည်း ဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံ၊ အမေရိကန်နိုင်ငံ အထက်လွှတ်တော် အောက်လွှတ်တော်နှင့် အိန္ဒိယနိုင်ငံ အောက်လွှတ်တော် ရွေးကောက်ပွဲတွေမှာ နိုင်သူအကုန်ယူ ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးကြပါတယ်။ မြန်မာနိုင်ငံဟာလည်း လွတ်လပ်ရေးရပြီးကတည်းက ယနေ့အထိ ဒီစနစ်ကိုပဲ ကျင့်သုံးလာတာ ဖြစ်ပါတယ်။

အများစု အသာမဲစနစ် (Majority Electoral System)။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ရွေးကောက်ပွဲစနစ်တစ်ခုကတော့ အများစု အသာမဲစနစ် (Majority Electoral System) ပဲ ဖြစ်ပါတယ်။ ဒီ မဲပေးပုံစနစ်ကို ဒုတိယမဲပုံးစနစ် (Second Ballot

System) လို့လည်း ခေါ်ပါတယ်။ အများစု အသာမဲစနစ်ကို (၅၀)ရာခိုင်နှုန်း plus (၁)မဲလို့လည်း သာမန်အားဖြင့် သတ်မှတ်ကြပါတယ်။ အကယ်၍ ရွေးကောက်ပွဲတစ်ခုမှာ ဘယ်ကိုယ်စားလှယ်ကမှ တရားဝင်မဲအရေအတွက်အားလုံးရဲ့ ထက်ဝက်ကျော် (၅၀)ရာခိုင်နှုန်း plus (၁) မရခဲ့ဘူးဆိုရင် ဒုတိယအကြိမ် ထပ်မံရွေးကောက်ပွဲ ပြုလုပ်ရပါတယ်။ ဒုတိယအကြိမ် ရွေးကောက်ပွဲ လုပ်တဲ့အခါမှာ ပထမအကြိမ်ရွေးကောက်ပွဲမှာ ပါဝင်ခဲ့တဲ့ ကိုယ်စားလှယ်လောင်း အားလုံးဟာ ပါဝင်ခြင်း မပြုတော့ဘဲ မဲအများစုရရှိသူများကိုသာ ရွေးချယ်ပါဝင်စေခြင်း ဖြစ်ပါတယ်။

အချို့နိုင်ငံများမှာ ဥပမာ - ရုရှားမှာ ပထမရွေးကောက်ပွဲ၌ ထိပ်ဆုံးမှရသူ ပါတီ (၂)ပါတီသာလျှင် ဒုတိယအကြိမ် ရွေးကောက်ပွဲမှာ ပါဝင်ခွင့် ပြုထားပါတယ်။ ပြင်သစ်ကဲ့သို့သော အချို့နိုင်ငံများမှာ ပထမ ရွေးကောက်ပွဲမှာ အနိမ့်ဆုံး ရရှိရမယ့် မဲအရေအတွက်ကို ရရှိတဲ့သူသာလျှင် ဒုတိယအကြိမ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့် ရပါတော့တယ်။ ပြင်သစ်နိုင်ငံရဲ့ အနည်းဆုံး သတ်မှတ်ချက်ကတော့ မဲစာရင်းတွင် ပါရှိတဲ့ မဲအားလုံးရဲ့ (၁၂.၅)ရာခိုင်နှုန်းကို ပထမရွေးကောက်ပွဲမှာ ရရှိရမှာ ဖြစ်ပါတယ်။ နိုင်သူ အကုန်ယူ မဲပေးစနစ်မှာလိုပဲ ဒီမဲပေးစနစ်ကို မဲဆန္ဒနယ်မြေတစ်ခုမှာ ကိုယ်စားလှယ်တစ်ဦးကျရွေးချယ်စနစ်မှာ သုံးပါတယ်။ မဲဆန္ဒရှင်တွေဟာလည်း ကြိုက်ရာကိုယ်စားလှယ်တစ်ဦးကိုသာ မဲပေးရပါတယ်။

ဒီရွေးကောက်ပွဲစနစ်ကို ဩစတြေးလျ၊ ဖင်လန်၊ ပေါ်တူဂီ၊ ရုရှားနဲ့ အရှေ့ဥရောပနိုင်ငံတွေမှာကျင့်သုံးကြပါတယ်။ ပြင်သစ်နိုင်ငံရဲ့သမ္မတ ရွေးချယ်ပွဲနှင့် တိုင်းပြုပြည်ပြုလွှတ်တော် (National Assembly) ရွေးချယ်တင်မြောက်ပွဲတွေမှာလည်း အများစု အသာမဲ ရွေးကောက်ပွဲစနစ်များကို ကျင့်သုံးကြပါတယ်။ အမေရိကန်ပြည်ထောင်စုသမ္မတ ရွေးချယ်ရေးကောလိပ် (Electoral College) ဟာလည်း ဒီအများစုအသာမဲစနစ်ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အမေရိကန်သမ္မတလောင်းတစ်ဦးဟာ ရွေးချယ်ရေးကောလိပ် မဲအရေအတွက် (၅၃၈)မဲအနက်မှ (၂၇၀)မဲ (၅၀)ရာခိုင်နှုန်း plus ၁ ကို ရရှိရမှာဖြစ်ပါတယ်။ တစ်ယောက်မှ (၂၇၀)မဲ မရခဲ့လျှင် အောက်လွှတ်တော်က အဆုံးအဖြတ် ပေးပါတယ်။

အချိုးကျကိုယ်စားပြုစနစ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ရွေးကောက်ပွဲ မဲပေးစနစ် တစ်မျိုးကတော့ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System - PR) စနစ်ပဲ ဖြစ်ပါတယ်။ ဒီ PR စနစ်ရဲ့ အဓိပ္ပာယ်ကတော့ ရွေးကောက်ပွဲမှာ ရရှိတဲ့ မဲအရေအတွက်ရဲ့ အချိုးကျတဲ့ ကိုယ်စားလှယ်အရေအတွက် ရရှိရေးပဲ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတစ်ခုဟာ ရွေးကောက်ပွဲမှာ တရားဝင်မဲ အရေအတွက် (၃၀)ရာခိုင်နှုန်း ရရှိမယ်ဆိုရင် လွှတ်တော်ထဲမှာ ကိုယ်စားလှယ် အရေအတွက် (၃၀)ရာခိုင်နှုန်း ရရှိမှာ ဖြစ်ပါတယ်။ မဲဆန္ဒနယ် တစ်နယ်မှာ ကိုယ်စားလှယ်တစ်ဦးကျ ရွေးချယ်တဲ့စနစ်နဲ့ ရွေးချယ်လို့ မရနိုင်ပါဘူး။ မဲဆန္ဒနယ်အများကို စုပေါင်းထားတဲ့ မဲဆန္ဒနယ်ကျယ်ကျယ်မှာ ကိုယ်စားလှယ်ဦးရေ များများပါတဲ့ ရွေးကောက်ပွဲစနစ်မျိုး ဖြစ်ရပါမယ်။ PR စနစ်မှာ ပါတီငယ်များအတွက် သူတို့ရတဲ့ မဲအရေအတွက်အပေါ် မူတည်ပြီး အချိုးကျကိုယ်စားလှယ်တွေလည်း ရနိုင်ခြေ ရှိလာပါတယ်။ PR စနစ်မှာ နိုင်ငံရေးပါတီများစာရင်း (Party List) ကို ပေးရပြီး အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်လောင်းရဲ့ အမည်စာရင်းကို နိုင်ငံရေးပါတီများကပဲ သတ်မှတ်ထားပါတယ်။ PR စနစ်ရဲ့ အမျိုးအစား အများကြီးရှိတဲ့အနက် ယနေ့ကမ္ဘာမှာ အသုံးများနေတဲ့ စနစ်(၂)ခုကတော့ ပါတီစာရင်း

အရ မဲပေးခြင်း (Party List PR) နဲ့ ကိုယ်စားလှယ်နှော အချိုးကျ ကိုယ်စားပြုစနစ် (Mixed member PR) စနစ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပါတီစာရင်းအရ မဲပေးခြင်း စနစ် သတ်မှတ်လိုက်တဲ့အခါမှာ ကိုယ်စားလှယ် အရေအတွက်နဲ့အညီ ပါတီက စာရင်းတင်ပြရပါတယ်။ အရွေးခံမယ့် ကိုယ်စားလှယ်လောင်းတွေက အမည်စာရင်း မပေးရပါဘူး။ ကိုယ်စားလှယ်အမည်စာရင်း တွေကို ပါတီစာရင်းမှာ ဦးစားပေးအရ အစဉ်အတိုင်း ဖော်ပြထားပါတယ်။ မဲပေးတဲ့အခါ မဲဆန္ဒရှင်တွေက ကိုယ်ကြိုက်တဲ့ပါတီကိုပဲ မဲပေးပြီး ရတဲ့မဲ အချိုးအစားအတိုင်း အနိုင်ရတဲ့ ကိုယ်စားလှယ်အရေအတွက် ကို ခွဲဝေယူရပါတယ်။

ဥပမာ - ကိုယ်စားလှယ်(၅)ဦးရှိတဲ့နေရာမှာ မဲဆန္ဒနယ်မြေတစ်ခုမှာ ပါတီ (၁)ခုက ဆန္ဒမဲ (၆၀) ရာခိုင်နှုန်း ရတယ်ဆိုရင် ကိုယ်စားလှယ် (၃)နေရာ ရမှာဖြစ်ပါတယ်။ ပါတီစာရင်းအရ မဲပေးခြင်းမှာ စာရင်းသေ သို့မဟုတ် အပိတ်စာရင်း (Close List) စာရင်းနဲ့ စာရင်းရှင် သို့မဟုတ် အဖွင့်စာရင်း (Open List) ဆိုပြီး နှစ်မျိုး ရှိပါတယ်။ စာရင်းသေမှာ ပါတီမှ ကိုယ်စားလှယ်လောင်းများရဲ့ အမည်ကို ဦးစားပေး အစီအစဉ်အတိုင်း သတ်မှတ်ထားပြီး မဲဆန္ဒရှင်များက ပါတီကိုပဲ မဲပေးရပါတယ်။ ပါတီက ရရှိတဲ့ မဲ အရေအတွက် အချိုးအစားအတိုင်း ကိုယ်စားလှယ်များကို ဦးစားပေးအတိုင်း ရွေးချယ်သတ်မှတ်ရ ပါတယ်။ စာရင်းရှင်မှာ ကိုယ်စားလှယ်လောင်းရဲ့ အမည်ကို ဦးစားပေး အစီအစဉ်အတိုင်း မဟုတ်ဘဲ ကျဘမ်း ထည့်ထားပါတယ်။ မဲဆန္ဒရှင်တွေက အဲဒီ ပါတီကိုယ်စားလှယ်လောင်းစာရင်းထဲက မိမိ ကြိုက်ရာကိုယ်စားလှယ်လောင်းကို မဲပေးနိုင်ပါတယ်။ မဲအများဆုံး ရရှိသူက ပါတီရဲ့ ဦးစားပေးစာရင်းမှာ ပါလာပြီး ကိုယ်စားလှယ်လောင်းဖြစ်ဖို့ အရွေးချယ်ခံရဖို့ ဖြစ်လာပါတယ်။

ကိုယ်စားလှယ်နှော အချိုးကျ စနစ် (Mixed Member Proportional System - MMP) လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစနစ်ဟာ နိုင်သူ အကုန်ယူ (FPTP) စနစ်နဲ့ အချိုးကျ ကိုယ်စားပြုစနစ်၊ အချိုးကျ ကိုယ်စားပြုစနစ်နှစ်ခုကို နှောထားတဲ့စနစ်ပဲ ဖြစ်ပါတယ်။ ဒီစနစ်အရ မဲဆန္ဒနယ်မြေတစ်ခုအတွင်းမှာရှိတဲ့ ကိုယ်စားလှယ်လောင်းတစ်ဝက်ကို နိုင်သူ အကုန်ယူစနစ် (FPTP)စနစ်နဲ့ ရွေးချယ်ပြီး ကျန်ကိုယ်စားလှယ်တစ်ဝက်ကို PR စနစ် ပါတီစာရင်း (Party List) အရ ရွေးချယ်ပြီး ပေါင်းထည့်ပါတယ်။ ဒါကြောင့် ဒီစနစ်ကို အပိုဆောင်း ကိုယ်စားလှယ်စနစ် (The Additional Member System)၊ ထည့်ပေးအချိုးကျကိုယ်စားပြုစနစ် (Compensatory PR)၊ မဲနှစ်မျိုးပေးစနစ် (Two Vote system) လို့ ခေါ်ကြပါတယ်။ အနောက်ဂျာမနီပြည်မှာ စပြီးသုံးခဲ့တဲ့ အတွက် အနောက်ဂျာမနီစနစ် (German System) လို့လည်း ခေါ်ကြပါတယ်။ PR စနစ် ကို ကျင့်သုံးတဲ့ နိုင်ငံပေါင်း (၈၇)နိုင်ငံ ရှိတဲ့အနက် ကိုယ်စားလှယ်နှောစနစ်ကို ကျင့်သုံးတဲ့နိုင်ငံ (၁၃)နိုင်ငံ ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း ရွေးကောက်ပွဲစနစ် (၃)မျိုးအနက် အများစု အသာမဲစနစ် (Majority Electoral System) နဲ့ အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation System) တို့ဟာ အင်မတန် ရှုပ်ထွေးတဲ့ မဲပေးစနစ်များ ဖြစ်ကြပါတယ်။ အထူးသဖြင့် PR စနစ်ဟာ ပိုမိုရှုပ်ထွေးတာ တွေ့ရပါတယ်။ ပါတီတစ်ခု ဟာ ရွေးကောက်ပွဲဝင်မယ်ဆိုတာ ပါတီရဲ့ မူဝါဒအပြင် ကိုယ်စားလှယ်လောင်းရဲ့ အကျင့်စာရိတ္တကိုပါ ပြည်သူလူထုက ထင်ထင်ရှားရှား သိထားဖို့ လိုပါတယ်။ ပါတီငယ်လေးတွေ ပါဝင်လာနိုင်ရေး ဆိုသော

ရည်မှန်းချက်တစ်ခုတည်းနဲ့ ဒီ PR စနစ်ကို အလျင်စလို ပြောင်းလဲကျင့်သုံးခွင့် မပြုသင့်ပါဘူး။ ကမ္ဘာ့နိုင်ငံပေါင်း (၉၀)နီးပါးက PR စနစ်ကို ကျင့်သုံးနေတယ်ဆိုပေမယ့် တစ်နိုင်ငံ ကျင့်သုံးတဲ့ PR စနစ်နဲ့ အခြားတစ်နိုင်ငံက ကျင့်သုံးတဲ့ PR စနစ်ချင်း မတူပါဘူး။ ကမ္ဘာ့နိုင်ငံပေါင်း (၉၀)နီးပါးက PR စနစ်ကို ကျင့်သုံးနေတယ်ဆိုပေမယ့် PR စနစ် အမျိုးအစားပေါင်း (၉၀)နီးပါးလောက် ကွဲပြားနေလျက်ရှိတာကို တွေ့ရပါတယ်။ အဲဒီအချက်ကိုလည်း အထူးသတိချပ်သင့်ပါတယ်။

အထူးသဖြင့် မဲဆန္ဒရှင်ပြည်သူတွေအပေါ် တာဝန်ယူမှု မရှိဆုံးစနစ်ဟာ ဒီ PR စနစ်ပဲ ဖြစ်ပါတယ်။ တကယ်လို့ မိမိတို့နိုင်ငံနဲ့ ကိုက်ညီတဲ့ PR စနစ်တစ်ခုကို ရွေးချယ်ကျင့်သုံးတော့မယ်ဆိုရင်တောင်မှ အချိန်ယူစဉ်းစားရမယ့်ကိစ္စတစ်ခု ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများရဲ့ သဘောထားများသာမကဘဲ မဲဆန္ဒရှင်ပြည်သူများရဲ့ သဘောထားများကိုလည်း သိရှိရရှိဖို့ အရေးကြီးပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံလို လွတ်လပ်ရေး ရပြီးကတည်းက FPTP စနစ်ကို ကျင့်သုံးလာခဲ့တဲ့ နိုင်ငံမှာ တစ်မျိုးသားလုံးရဲ့ ဆန္ဒသဘောထားကို ရယူပြီးမှသာလျှင် PR စနစ်ကို ပြောင်းလဲကျင့်သုံးသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၄၉၂၇ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ၏ အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာအသုံးအနှုန်းများ ပါရှိပါသဖြင့် ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ကမ္ဘာ့နိုင်ငံပေါင်း (၂၁၄)နိုင်ငံမှာ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရွေးကောက်တင်မြှောက်မှုများ ပြုလုပ်ခဲ့ကြပါတယ်။ ၎င်းပုံသဏ္ဌာန်အမျိုးမျိုးကို လေ့လာကြည့်ရင် အဓိက စနစ်(၉)မျိုး၊ အုပ်စု(၃)ခု ရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒီစနစ်တွေကတော့ PM - ဗဟိုအများစုကိုယ်စားပြုစနစ်၊ PR စနစ်၊ အချိုးအစားညီမျှစွာ ကိုယ်စားပြုစနစ်နဲ့ SPR စနစ်၊ တစ်စိတ်တစ်ပိုင်း အချိုးအစားကိုယ်စားပြုစနစ်တို့ပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ PR စနစ်နဲ့ SPR စနစ် ကျင့်သုံးတဲ့ နိုင်ငံပေါင်း (၁၂၄)နိုင်ငံနဲ့ FPTP စနစ်ကျင့်သုံးတဲ့နိုင်ငံ(၈၇)နိုင်ငံ အသီးသီးရှိကြောင်း လေ့လာသိရှိရပါတယ်။ FPTP စနစ် (First Part The Post) အများဆုံးရသူ အနိုင်ယူစနစ်သည် မဲဆန္ဒရှင်အများစု၏ ဆန္ဒကို အလွယ်တကူ ဖော်ထုတ်ရသည့် နည်းလမ်းဖြစ်ပြီးတော့ နိုင်ငံပေါင်းများစွာ ကျင့်သုံးနေတဲ့စနစ်လည်း ဖြစ်ပါတယ်။ မဲဆန္ဒ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်

တစ်ဦးကို ရွေးချယ်ရသောစနစ် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ပါလီမန်ခေတ် ၁၉၅၂ ခုနှစ်မှ ယနေ့ထက်တိုင် ရွေးကောက်ပွဲများမှာ အသုံးပြုခဲ့တဲ့စနစ် ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံကို လေ့လာကြည့်ရင် ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးဖြစ်ပြီးတော့ မျိုးနွယ်စု၊ ကိုးကွယ်မှုဘာသာ၊ အမျိုးအစားအမျိုးမျိုး ကွဲပြားပြီးတော့ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်မှာ လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၅၀ ပြည့်နှစ်မှာ ဖွဲ့စည်းအပုံအခြေခံဥပဒေ ကို ပြဋ္ဌာန်းခဲ့ပါတယ်။ တည်ငြိမ်တဲ့ အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရန်နဲ့ လွှတ်တော်အတွင်းထဲမှာ အမျိုးမျိုးကွဲပြားခြင်းမှ ရှောင်ရှားနိုင်ဖို့အတွက် FPTP စနစ်ကို Raiya Sabha ပြည်နယ်မပါ ရွေးချယ်ကျင့်သုံးခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အချိုးကျကိုယ်စားပြုစနစ် (PR)စနစ် ဆိုသည်မှာ ကြိုက်သည့်ပါတီကို ရွေးချယ်မဲပေးရတဲ့ စနစ်ဖြစ်ပါတယ်။ မဲဆန္ဒနယ်တစ်ခုမှာ ကိုယ်စားလှယ်တစ်ဦးထက် ပိုမိုပြီးတော့ ရွေးချယ်ရတဲ့ စနစ်လည်းဖြစ်ပါတယ်။ ကိုယ်စားလှယ်ကို ပါတီက ရွေးချယ်ရပါတယ်။ နယူးဇီလန်၊ ဒိန်းမတ်၊ ဆွစ်ဇာလန် စတဲ့နိုင်ငံတွေဟာ PR စနစ်ကို ကျင့်သုံးနေတဲ့နိုင်ငံတွေပဲ ဖြစ်ပါတယ်။ နောက်တစ်ခုက မိမိအိမ်နီးနားချင်းနိုင်ငံတစ်ခုဖြစ်တဲ့ ထိုင်းနိုင်ငံသည် ၂၀၀၇ ခုနှစ်၊ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွေမှာ FPTP စနစ်နဲ့ PR စနစ် နှစ်မျိုးစလုံး ပူးတွဲကျင့်သုံးခဲ့ပါတယ်။ စည်းမျဉ်းခံဘုရင်စနစ် အုပ်ချုပ်ရေးဖြစ်ပြီး ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် စစ်တပ်မှ အကြိမ်ကြိမ်အာဏာသိမ်းခဲ့ရပြီး အခြေခံဥပဒေကို (၁၉)ကြိမ်တိုင်တိုင်ပြုပြင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲမှာ ထိုင်းနိုင်ငံသည် ပြည်နယ်ပေါင်း(၇)ခုမှာ ဆန္ဒမဲပေးသည့် ပြည်သူ(၃၂)သန်းခန့်သည် အောက်လွှတ်တော်အမတ်(၅၀၀)ဦးကို FPTP စနစ်နဲ့ (၃၇၅)ဦး၊ PR စနစ်ဖြင့် (၁၂၅)ဦး ရွေးချယ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

လက်ရှိ ၂၀၁၄ ခုနှစ်၊ ထိုင်းနိုင်ငံရေး မတည်မငြိမ်ဖြစ်ရာက ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်ပြီး နိုင်ငံရေးမတည်ငြိမ်သဖြင့် စစ်တပ်မှ အာဏာသိမ်းထားဆဲလည်း ဖြစ်ပါတယ်။ ထိုင်းနိုင်ငံ၏ နိုင်ငံရေးကို လေ့လာသုံးသပ်ကြည့်ရင် ညွန့်ပေါင်းအစိုးရများ ဖြစ်ပေါ်စေပြီး ဥပဒေပြုကိစ္စရပ်များမှာ အကြပ်အတည်းများ ဖြစ်ပေါ်စေပါတယ်။ အရေးကြီးသည့်ဆုံးဖြတ်ချက်များ ချမှတ်ရန်ခက်ခဲပြီး လူထုရဲ့ မျှော်လင့်ချက်များကို ဖြည့်ဆည်းမပေးနိုင်ဘဲ အုပ်စုကွဲများ များပြားမှုကြောင့် ဆုံးဖြတ်ချက်များ မချမှတ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်သူ့ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင်လည်း ပါတီမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၏ လက်ထဲတွင် အာဏာသက်ရောက်မှုရှိနေသဖြင့် လူထုက နှစ်သက်တဲ့ ကိုယ်စားလှယ်များထက် ပါတီခေါင်းဆောင်များက လိုလားတဲ့ကိုယ်စားလှယ်များသာ လွှတ်တော်သို့ ရောက်ရှိရန် အခွင့်အလမ်းများရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်သည် အရွေးချယ်ခံ လွှတ်တော်အမတ်၏ တစ်ဦးချင်း အရည်အချင်းနှင့် အရည်အသွေးပေါ် အခြေခံခြင်း မဟုတ်ဘဲ မဲဆန္ဒရှင်က ကြိုက်သည့်ပါတီကို ရွေးချယ်မဲပေးရတဲ့ စနစ်ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ FPTP စနစ်သည် ပါတီကို ကြိုက်သော်လည်း လူကို မကြိုက်ဘူးဆိုရင် ထိုသူကို ငြင်းပယ်ပြီး မိမိနှစ်သက်တဲ့သူကို ရွေးချယ်မဲပေးခွင့် ရှိပါတယ်။ PR စနစ်သည် မိမိကိုယ်စားပြုသူ မည်သူမည်ဝါဖြစ်မှန်းမသိရဘဲ မဲပေးရတဲ့စနစ်ဖြစ်ပြီး PR စနစ် မျိုးခွဲ(၃)ခုရှိကြောင်း လေ့လာသိရှိရပါတယ်။ (List PR) စနစ်၊ စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ်၊ (MMP)စနစ် ကိုယ်စားလှယ်ပုံစံများ ပေါင်းစပ်ထားသော အချိုးကျ ကိုယ်စားပြုစနစ်၊

(STP)စနစ်၊ စနစ်လွှဲပြောင်း၍ရသော တစ်မဲတည်းစနစ်တို့ ဖြစ်ပါတယ်။ မိမိတို့မြန်မာနိုင်ငံသည် ၁၉၅၂ ခုနှစ်မှ ၂၀၁၀ ခုနှစ် နှစ်ပေါင်း(၆၀)အတွင်းမှာ ရွေးကောက်ပွဲ(၅)ကြိမ်ကို FPTP စနစ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲများမှာ ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒနယ်(၃၃၀)နေရာမှာ (၃၂၅) နေရာ၊ အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒနယ်(၁၆၈)နယ်၊ တိုင်းဒေသကြီးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးအတွက် (၆၇၃)နယ် ရွေးချယ်ပေးခဲ့ပါတယ်။ ပါတီပေါင်း (၃၇)ပါတီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်မှာ (၁၅)ပါတီ၊ တိုင်းဒေသကြီးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှာ ပါတီပေါင်း (၂၂)ပါတီ ပါဝင်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

FPTP စနစ်သည် အများစု၏ဆန္ဒကို အလွယ်ကူဆုံး ဖော်ထုတ်တဲ့ နည်းလမ်းဖြစ်ပြီး မိမိတို့နိုင်ငံနှင့်လည်း အကျွမ်းတဝင်ရှိတဲ့ စနစ်တစ်ခုဖြစ်ပါတယ်။ PR စနစ်သည် ရှုပ်ထွေးပြီး မိမိတို့နိုင်ငံမှာရှိတဲ့ ဥပဒေပညာရှင်များ၊ ကိုယ်စားလှယ်များသည်ပင် နားလည်အောင် လေ့လာနေရဆဲ ဖြစ်တယ်လို့ မိမိထင်မြင်ယူဆမိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ FPTP နိုင်သူအာဏာယူ (Winner Take All) စနစ်သည် အားနည်းချက်များရှိသည်မှန်သော်လည်း ဒီမိုကရေစီနိုင်ငံကြီးများဖြစ်ကြတဲ့ အမေရိကန်၊ ဗြိတိန်နဲ့ အိန္ဒိယနိုင်ငံကြီးများသည်ပင်လျှင် လက်ရှိကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်တစ်ခု ဖြစ်ပါတယ်။ ပါတီတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီသာ မဲဆန္ဒနယ်မြေတစ်ခုမှာ ဝင်ရောက်အရွေးချယ်ခံရတဲ့ စနစ်ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိထောက်ခံလိုသော ကိုယ်စားလှယ်လောင်းအား ရှင်းလင်းလွယ်ကူစွာ ရွေးချယ်မဲပေးနိုင်တဲ့ စနစ်ဖြစ်ပါတယ်။ လူကြိုက်များတဲ့ ပါတီကိုယ်စားလှယ်လောင်းများ အများဆုံး ရွေးချယ်ခံရနိုင်တဲ့ စနစ်ဖြစ်တာကြောင့် အရိုးရှင်းဆုံးစနစ်လည်း ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည်လည်း ပြည်သူများက FPTP စနစ်ဖြင့် ရွေးချယ်ခဲ့ကြသူများပဲ ဖြစ်ကြပါတယ်။ FPTP စနစ်သည် တစ်ခါတစ်ရံမှာ ပါတီတစ်ခုတည်းက အပြတ်အသတ် အနိုင်ရရှိပြီး ရွေးကောက်ပွဲအာဏာရှင်စနစ် (Electoral Dictatorship) ကို ရောက်တတ်သွားကြသည် မှန်သော်လည်း မိမိနိုင်ငံ၏ ၂၀၁၀ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲ ရလဒ်များတွင် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဒီမိုကရေစီသက်တမ်း (၃)နှစ်ကျော် ကာလမှာ လည်းကောင်း လက်တွေ့ ဆောင်ရွက်ခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ နိုင်ငံများသည် နိုင်ငံရေးနောက်ခံသမိုင်းကြောင်း၊ ပထဝီဝင် အခြေအနေနဲ့ မတူညီကြသလို ၎င်းတို့နိုင်ငံနဲ့ ကျင့်သုံးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲစနစ်လည်း အမျိုးမျိုးကွဲပြားလျက်ရှိပါတယ်။ PR အချိုးကျ ကိုယ်စားပြုစနစ်သည် ဆွစ်ဇာလန်နိုင်ငံမှာ အောင်မြင်ပေမယ့်လို့လည်း အိန္ဒိယနိုင်ငံလို လူမျိုးပေါင်းစုံ၊ ဘာသာနဲ့ ယဉ်ကျေးမှုပေါင်းစုံနိုင်ငံမှာတော့ အဆင်ပြေချင်မှ ပြေနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ PR အချိုးကျကိုယ်စားပြုစနစ်သည် မိမိနိုင်ငံနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ သည် နိုင်ငံရေး နောက်ခံသမိုင်း၊ ပထဝီဝင်အခြေအနေနဲ့ ကျင့်သုံးတဲ့ PR စနစ်အပေါ်တွင် များစွာမူတည်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ၎င်းတို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီတဲ့ PR စနစ်ကို တီထွင်ကျင့်သုံးလျက်ရှိပါတယ်။ ဥပမာကို တင်ပြရရင် မဲအပြတ်အသတ် အနိုင်ရရှိခြင်း(Majority)၊ နှစ်ကျော့ပြန်အရွေးခံစနစ်(Two Round system)၊ အစုလိုက်မဲပေးတဲ့စနစ် (Block Vote System)၊ ပါတီကိုယ်စားပြုရွေးချယ်တဲ့စနစ် (Party Block Vote)၊

မဲများရာအပို ဆောင်းပေးသည့်စနစ် (Majority Bonus System) စသည့် စနစ်ပေါင်းများစွာ ရှိပါတယ်။ မိမိတို့နိုင်ငံတွင်လည်း PR စနစ်ကို ကျင့်သုံးမည်ဆိုပါက မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီတဲ့ စနစ်တစ်ရပ်ကို ရွေးချယ်ကျင့်သုံးရမယ်လို့ ကျွန်တော် နားလည်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံသည် ဘာသာစကားမတူညီတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောပြွမ်းပြီးနေထိုင်တဲ့ တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ ကျေးလက်နေပြည်သူ (၇၀)ရာခိုင်နှုန်းခန့်သည်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ကျေးရွာပေါင်းများစွာမှာ ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၁(က)နဲ့(ခ)တို့အရ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူသည် မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိပါတယ်။ နိုင်ငံအဝှမ်းမှာရှိတဲ့ ထိုမဲဆန္ဒရှင်များက ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်ပေးနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်ကို နားလည်သိရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပညာပေးခြင်း၊ စည်းရုံးဟောပြောခြင်းကို အချိန်ယူဆောင်ရွက်ရမယ်လို့ မိမိထင်မြင်ယူဆမိပါတယ်။ လာမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် မှတ်ပုံတင်ပြီး ပါတီ(၆၅)ခု ရှိပါတယ်။ ဒီအထဲမှာ ကချင်တိုင်းရင်းသားပါတီက (၅)ပါတီ၊ ကယားတိုင်းရင်းသားပါတီက (၃)ပါတီ၊ ကရင်တိုင်းရင်းသားပါတီက (၄)ပါတီ၊ ချင်းတိုင်းရင်းသားပါတီက (၅)ပါတီ၊ ဗမာတိုင်းရင်းသားပါတီက (၁)ပါတီ၊ မွန်တိုင်းရင်းသားပါတီက (၂)ပါတီ၊ ရခိုင်တိုင်းရင်းသားပါတီက (၆)ပါတီနဲ့ ရှမ်းတိုင်းရင်းသားပါတီ (၁၃)ပါတီ စုစုပေါင်း တိုင်းရင်းသားပါတီပေါင်း၊ ကိုယ်စားပြုတဲ့ပါတီပေါင်း(၃၉)ပါတီ မှတ်ပုံတင်ပြီးဖြစ်ကြောင်းလည်း လေ့လာသိရှိရပါတယ်။

ယခု ကျွန်တော်တို့ အမျိုးသားလွှတ်တော်သည် တိုင်းနဲ့ပြည်နယ်(၁၄)ခုမှ ကိုယ်စားလှယ် (၁၂)ဦးစီဖြင့် ကိုယ်စားလှယ်(၁၆၈)ဦး၊ တပ်မတော်သားကိုယ်စားလှယ် (၅၆)ဦးဖြင့် ဖွဲ့စည်းထားတဲ့ သီးခြားလွတ်လပ်တဲ့ လွှတ်တော်တစ်ရပ် ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ FPTP စနစ်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ်(၁၂)ဦးစီ ရွေးချယ်တင်မြှောက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် (၀.၁)ရာခိုင်နှုန်းဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်ထားခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများမှာ ဦးစီးအဖွဲ့များ ဖွဲ့စည်းခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ PR အချိုးကျကိုယ်စားပြုစနစ်ဖြင့် ဆောင်ရွက်မည် ဆိုပါက အထက်ပါ အခွင့်အရေးများအတွက် မည်သို့ဆောင်ရွက်ရမည်ကို ပြန်လည်သုံးသပ်ရမယ်လို့ ထင်မြင်ယူဆမိပါတယ်။ နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့ PR စနစ်သည် ရရှိတဲ့ ခိုင်လုံမဲအရေအတွက်နဲ့ ပါတီကရမယ့် အမတ်အရေအတွက်ကို အချိုးညီမျှစွာ ဆောင်ရွက်ပေးရတဲ့ စနစ်ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အမျိုးသားလွှတ်တော် (၁၆၀)ဦးအတွက် ခိုင်လုံမဲအရေအတွက် (၂)သန်းကျော် ရရှိခဲ့ပါတယ်။ PR စနစ်ဖြင့် မဲအရေအတွက်နှင့် ကိုယ်စားလှယ် အချိုးချပါက ကိုယ်စားလှယ်တစ်ဦးလျှင် အနည်းဆုံး ထောက်ခံမဲတစ်သိန်းမှ တစ်သိန်းနှစ်သောင်းအထိ ရရှိမှသာ အောင်မြင်နိုင်မယ်လို့ တွက်ချက်ရရှိပါတယ်။

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို PR စနစ်နဲ့ တွက်ချက်ကြည့်မယ်ဆိုရင် လူဦးရေနည်းပါးတဲ့ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်မှာ ကိုယ်စားလှယ် (၁)ဦး၊ (၂)ဦးခန့်သာ အချိုး ရရှိမှာဖြစ်ပြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ ကိုယ်စားလှယ်(၂၃)ဦးမှ (၂၇)ဦးအထိ အချိုးရရှိမှာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ တကယ်လို့ တိုင်းနဲ့ ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် (၁၂)ဦးစီအချိုးနဲ့ ခိုင်လုံမဲအရေအတွက်နဲ့ မဲအရေအတွက်ကို အချိုးချကြည့်မယ်ဆိုရင် ကယားပြည်နယ်နဲ့

ချင်းပြည်နယ်မှာ အမတ်တစ်ဦးကို ခိုင်လုံမဲအရေအတွက် တစ်သောင်းကနေ တစ်သောင်းခြောက်ထောင် အထိ ရရှိပါက အောင်မြင်နိုင်မှာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ အမတ် တစ်ဦးလျှင် ခိုင်လုံမဲအရေအတွက် နှစ်သိန်းလေးသောင်းမှ နှစ်သိန်းရှစ်သောင်းအထိ ရရှိမှ အောင်မြင် နိုင်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ PR အချိုးကျ ကိုယ်စားပြုစနစ်သည် အမျိုးအစား များစွာ ရှိခြင်း၊ နက်နဲသိမ်မွေ့ခြင်း၊ မိမိမြန်မာနိုင်ငံ အနေနှင့်လည်း နှစ်ပေါင်း(၆၀)အတွင်း PR စနစ်ဖြင့် ရွေးကောက်ပွဲ ပြုလုပ်ခြင်းကို အလေ့အကျင့် မရှိခဲ့ပါဘူး။ မြန်မာနိုင်ငံ၏ ရေမြေအခြေအနေ၊ တိုင်းရင်း သားများ၏ အခြေအနေနှင့် ကိုက်ညီတဲ့ PR စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ပြီးမှ အသုံးပြုမယ့် PR စနစ်ကို ရွေးချယ်သင့်တယ်လို့ မိမိထင်မြင်ယူဆမိပါတယ်။ ရွေးကောက်ပွဲစနစ်ကို ပြင်ဆင်ပါက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကိုလည်း ပြင်ဆင်ရမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာ ကတော့ အဆိုရှင်အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ခိုင်မာမဲများ အလဟဿဖြစ်မသွားစေရန် လည်းကောင်း၊ ပါတီစုံဒီမိုကရေစီခေတ်တွင် ပါတီအားလုံးပါဝင်ခွင့် ပိုမိုရရှိစေရန်လည်းကောင်း၊ ပါတီကြီးများကို ထိန်းကျောင်းနိုင်ပြီး ရွေးကောက်ခံအာဏာရှင်စနစ် ဖြစ်ထွန်းခွင့်မရရှိစေရန် အလို့ငှာ စေတနာအမှန်ဖြင့် အဆိုအား တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း နားလည်သိရှိရပါတယ်။ မိမိအနေဖြင့် သုံးသပ်တင်ပြလိုတာကတော့ PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် ပထမဦးစွာ မိမိနိုင်ငံနဲ့ အသုံးပြုမယ့် PR စနစ်ကို သုံးသပ်ပြီးရွေးချယ်ရမှာဖြစ်ပါတယ်။ ရွေးချယ်ပြီးတဲ့စနစ်ကို ဥပဒေများ၊ နည်းဥပဒေများ ပြင်ဆင်ပြီး ရွေးကောက်ပွဲဆိုင်ရာပြင်ဆင်မှုများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ PR အချိုးကျကိုယ်စားပြု စနစ်သည် ခိုင်လုံမဲအရေအတွက်နှင့် ပါတီမှရမယ့် အရေအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အချိုး များစွာ ကွာခြားနေသဖြင့် ၎င်းစနစ်ကို ပြန်လည်သုံးသပ်ရန် လိုအပ်တယ်လို့ ထင်မြင်ယူဆမိပါတယ်။

ဒါကြောင့် အဆိုရှင်၏ လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသား လွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း အဆိုအား မိမိ အနေဖြင့် PR စနစ်သည် အလေ့အကျင့် မရှိသေးခြင်းကြောင့်လည်းကောင်း၊ မိမိနိုင်ငံနှင့် သင့်တော်မည့် PR စနစ်အား သုံးသပ်ရွေးချယ်ရန် လိုအပ်ခြင်းကြောင့်လည်းကောင်း၊ လတ်တလောအခြေအနေတွင် ကျင့်သုံးရန်အတွက် အလွယ်တကူ ဆုံးဖြတ်ရန် မသင့်သေးပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅) မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၁၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ချစ်ခင်လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော် ကော်မရှင် အဖွဲ့ဝင်၊ ပညာရှင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ရဲ့ ပါတီစုံရွေးကောက်ပွဲများတွင် အမျိုးသား လွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးရန် အဆိုနှင့် စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများရှင်။ အဆိုရှင် တင်ပြခဲ့သလို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၇ မှာ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ အခြေခံဥပဒေအရ ကျွန်မတို့နိုင်ငံတော်မှာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံး အကောင်အထည် ဖော်ဆောင်နေပြီ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီမိုကရေစီဆိုတဲ့အခြေခံသဘောကို ပြောလို ပါတယ်။ ဒီမိုကရေစီဆိုတဲ့ အခြေခံသဘောကတော့ ပြည်သူအားလုံး တန်းတူညီမျှမှု ရှိရမယ်။ ပြည်သူ အားလုံး လွတ်လပ်မှုရှိရမယ်လို့ ဆိုပါတယ်။ ဥပဒေဘောင်အတွင်းက တန်းတူညီမျှမှုရှိတာ၊ လွတ်လပ်မှု ရှိတာကို ဆိုလိုတာ ဖြစ်ပါတယ်။ ခံယူချက်၊ အတွေးအခေါ်၊ အယူအဆ အမျိုးမျိုးဖြစ်နေတာကို အားလုံး သဟဇာတဖြစ်အောင် ကျင့်သုံးတာ ဒီမိုကရေစီ ဖြစ်ပါတယ်။

ကျွန်မတို့ပြည်သူများအနေနဲ့လည်း ဒီမိုကရေစီအတွေ့အကြုံနဲ့ မိမိကိုယ်တိုင်တွေးခေါ် မျှော်မြင်နိုင်တဲ့ အသိတရားပြည့်ဝမှုရှိနေရန် လိုအပ်နေသေးတာကြောင့် ဒီမိုကရေစီစနစ်ကိုဖော် ဆောင်တဲ့နေရာမှာ ခက်ခဲမှုတွေ ရင်ဆိုင်နေရတုန်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ် ထွန်းကားဖို့ အတွက် ပြည်သူအားလုံး ပါဝင်လာပြီး ပြည်သူများရဲ့စိတ်ဓာတ်နဲ့ အသိတရားကို မြင့်တက်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးရမည့်အချိန် ကျရောက်နေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များရှင့်။ ကျွန်မတို့ သမ္မတကြီးက လည်း ဒီမိုကရေစီပန်းတိုင်ကို ချီတက်တဲ့နေရာမှာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးကို ကြည့်ပြီး ညီညွတ်မှန်ကန်စေမယ့် ပြုပြင်ပြောင်းလဲရေးတွေ လုပ်ခဲ့ပါတယ်။ ဒီမိုကရေစီစနစ် ထွန်းကားလာဖို့ ဆိုပြီးတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ရာမှာ ပါဝင်သင့်သူ နိုင်ငံသားအားလုံး ပါဝင်နိုင်စေဖို့ အကျဉ်းသား (၆၈၀၀၀)ကျော် လွှတ်ပေးခဲ့ပါတယ်။ ပြည်ပနိုင်ငံရောက်နေပြီး ပြန်လာရခက်တဲ့ မိမိ နိုင်ငံသားတွေ အမိနိုင်ငံကို ပြန်လာနိုင်ဖို့ ဖြေလျှော့မှုတွေ လုပ်ပေးခဲ့တယ်။ အကျိုးရလဒ် အနေနဲ့ ကြည့်မယ်ဆိုရင် ယနေ့ ကျွန်မတို့နိုင်ငံမှာ အကျဉ်းကျခံနေရပြီးတော့ လွတ်မြောက်လာတဲ့ပုဂ္ဂိုလ်တွေ၊ နိုင်ငံသား အသိပညာရှင်ပုဂ္ဂိုလ်တွေ၊ အတတ်ပညာရှင်တိုင်း၊ နိုင်ငံတော်တည်ဆောက်ရေးမှာ ကောင်းမွန်စွာ ရှင်သန်နေတာကို အားလုံးမြင်တွေ့၊ ကြားသိနေရပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ကိုယ်ဦးတည် သွားနေတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ဆောင်ရွက်ရာမှာ ပါတီအဖွဲ့အစည်းများက လည်း ပြည်သူကို မှန်ကန်စွာ အကျိုးပြုနိုင်ရေး၊ လွှတ်တော်များမှာ ပြည်သူ့ဆန္ဒကို မှန်မှန်ကန်ကန် ဖော်ထုတ်တင်ပြနိုင်ရေးအတွက် စွမ်းဆောင်နိုင်မယ့်ပါတီတွေ ဖြစ်ဖို့လိုပါတယ်။ ယခုဆိုရင် ပြဋ္ဌာန်း ထားတဲ့ဥပဒေနဲ့အညီ ပါတီပေါင်း(၆၅)ခု ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ပါတီကြီးတွေ ပါသလို ပါတီငယ် တွေ၊ တိုင်းရင်းသားပါတီတွေလည်း ပါပါတယ်။ ပါတီတည်ထောင်ပြီ ဆိုကတည်းက တိုင်းပြည်နဲ့ပြည်သူ၊ ပြည်သားတွေရဲ့အကျိုးကို သယ်ပိုးနိုင်အောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်မယ့် ရည်ရွယ်ချက်ကောင်းတွေနဲ့ တည်ထောင်ခဲ့ကြတာ ဖြစ်ပါတယ်။

ပါတီအသီးသီးရဲ့ရည်ရွယ်ချက်တွေ အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် ပါတီကိုယ်စား လှယ်များ ဥပဒေဘောင်အတွင်းကနေပြီး တိုင်းရင်းသားပြည်သူအားလုံးရဲ့ဆန္ဒကို ပြောနိုင်အောင် ယခု လွှတ်တော်ထဲရောက်နေတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက ဆောင်ရွက်ပေးရမယ့် တာဝန်ရှိပါတယ်။ ဒါမှလည်း အရှေ့က ပြောထားသလို ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့ ကိုယ်စားလှယ်များဟာ နိုင်ငံသားတွေပဲဖြစ်တာကြောင့် အခွင့်အရေးကိုပဲ ယူပြီး တာဝန်လွှဲရှောင်နေမယ်ဆိုရင် နိုင်ငံသားကောင်း မဟုတ်သလို တာဝန်မကျေပွန်တဲ့အတွက် ကျွန်မတို့တည်ဆောက်နေတဲ့ ဒီမိုကရေစီစနစ်ဟာလည်း အောင်မြင်မှာမဟုတ်ပါဘူး။ ဒါဆိုရင် ကျွန်မတို့က တိုင်းရင်းသားပြည်သူအားလုံးနိုင်ငံရဲ့အရေးကိစ္စများမှာ ပူးပေါင်းပါဝင်လာနိုင်ဖို့ ဖော်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ ဘယ်လို ဖော်ဆောင်ပေးရမလဲဆိုရင် ဘယ်ဒီမိုကရေစီနိုင်ငံအတွက်ပဲဖြစ်ဖြစ်၊ လူ့အဖွဲ့ အစည်းဆိုင်ရာ ဆုံးဖြတ်ချက်တွေထဲက အရေးကြီးဆုံး ရွေးချယ်ဆုံးဖြတ်ချက်တစ်ခုဖြစ်တဲ့ ရွေးကောက်ပွဲ စနစ် ရွေးချယ်ပေးခြင်းပဲ ဖြစ်ပါတယ်။ စနစ်ကို ရွေးချယ်ရာမှာ မိမိနိုင်ငံရဲ့ပထဝီအနေအထား၊ လူနေမှု အနေအထား၊ ယဉ်ကျေးမှုဓလေ့ထုံးထမ်းနဲ့ နိုင်ငံရေးစရိုက်တို့အရ မိမိနိုင်ငံနဲ့ လိုက်လျောညီထွေရှိမယ့် ရွေးကောက်တင်မြှောက်ခြင်းစနစ်ကို ကျင့်သုံးကြရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရှင့်။ သမိုင်းကို ပြန်ပြီးလေ့လာကြည့်မယ်ဆိုရင် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ရာမှာ အသိတရားရှိရှိနဲ့ နှိုင်းနှိုင်းချိန်ချိန် ရွေးချယ်ကြတာထက် အကြောင်းအမျိုးမျိုးပေါင်းစုံလို့ပဲ ဖြစ်ဖြစ်၊ ခေတ်ရေစီးကြောင်းကို လိုက်လို့ပဲ ဖြစ်ဖြစ်၊ ကိုလိုနီနယ်ချဲ့စနစ်ရဲ့ အကျိုးသက်ရောက်မှုကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ့်နိုင်ငံနဲ့ အံမဝင်တဲ့ ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ကျင့်သုံးခဲ့ပါတယ်။ ရွေးကောက်တင်မြှောက်ခြင်းစနစ်ကို လေ့လာကြည့်တဲ့

အခါမှာ စနစ်အမျိုးမျိုး ရှိပေမယ့် အဓိကနှစ်မျိုးပဲ ရှိနေတာကို တွေ့ရပါတယ်။ (၁) နိုင်သူအကုန်ယူစနစ် (Winner Take All) သို့မဟုတ် (First Past The Post)၊ (၂) အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System - PR) ဖြစ်ပါတယ်။

ပထမစနစ်ဖြစ်တဲ့ နိုင်သူအကုန်ယူစနစ်ဟာ မဲဆန္ဒနယ်တစ်နယ်မှာ ပါဝင်ရွေးချယ်ခံ ယှဉ်ပြိုင်သူများ အနက် မဲဆန္ဒရှင်များရဲ့ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်တဲ့စနစ် ဖြစ်ပါတယ်။ မဲဆန္ဒပေးသူရော၊ အစိုးရအတွက်ရော အလွယ်ကူဆုံးနဲ့ စရိတ်အသက်သာဆုံး ဖြစ်ပါတယ်။ ဥပမာ ပြရမယ်ဆိုရင် မဲဆန္ဒနယ်တစ်နယ်မှာ ကိုယ်စားလှယ်(၄)ဦးဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုရင် ဆန္ဒမဲပေးသူရဲ့ ထောက်ခံဆန္ဒမဲကို တစ်ဦးက (၃၀)ရာခိုင်နှုန်း၊ တစ်ဦးက (၂၈)ရာခိုင်နှုန်း၊ တစ်ဦးက (၂၂)ရာခိုင်နှုန်းနဲ့ ကျန်တစ်ဦးက (၂၀)ရာခိုင်နှုန်း ရရှိမယ်ဆိုရင် ထောက်ခံဆန္ဒမဲ အများဆုံးဖြစ်တဲ့ (၃၀)ရာခိုင်နှုန်း ရရှိတဲ့ ကိုယ်စားလှယ်က ရွေးကောက်ခံရမှာ ဖြစ်ပါတယ်။

ဒီလိုသတ်မှတ်ပေးခြင်းအားဖြင့် ရွေးကောက်ခံရတဲ့ကိုယ်စားလှယ်ဟာ မဲဆန္ဒရှင် (၃၀)ရာခိုင်နှုန်းရဲ့ ထောက်ခံခြင်းကိုသာ ရရှိခဲ့သူဖြစ်ပြီးတော့ ကျန် (၇၀)ရာခိုင်နှုန်းသော မဲဆန္ဒရှင်များရဲ့ ထောက်ခံမှုကို မရရှိခဲ့သူ ဖြစ်ပါတယ်။ ဒီဥပမာလေးကိုပဲ ကြည့်မယ်ဆိုရင် ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်လောင်းဟာ မဲဆန္ဒရှင်ပြည်သူအားလုံးကို ကိုယ်စားမပြုဘူး။ (၇၀)ရာခိုင်နှုန်းသော ဆန္ဒမဲပေးသူ အနေနဲ့ကလည်း မိမိတို့ကိုယ်စားပြုခြင်း မခံရဘဲ ဘေးရောက်သွားတယ်လို့ ခံစားရပြီး မိမိတို့မဲ အလဟဿဖြစ်သွားတယ်လို့ယူဆသွားနိုင်တာကြောင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုနည်းလာပြီး မဲပေးသူဦးရေ ကျဆင်းလာနိုင်ပါတယ်။

ဒါကြောင့် ဒီစနစ်ရဲ့ အားနည်းချက် ဒီတစ်ချက်တည်းနဲ့တင် တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံရဲ့အရေးကိစ္စတွေမှာ ပါဝင်လာနိုင်မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ဒီစနစ်ဟာ နိုင်ငံရေးအနှစ်သာရ အားဖြင့်လည်းကောင်း၊ ပြည်သူ့ဆန္ဒကို ဖော်ထုတ်ရမှာလည်းကောင်း၊ တရားမျှတမှု အားနည်းတဲ့ စနစ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့လည်း နိုင်သူအကုန်ယူဆိုတဲ့ မဲဆန္ဒပေးတဲ့ စနစ်နဲ့အတူ ကြီးပြင်းလာခဲ့ကြတဲ့သူတွေ ဖြစ်တဲ့အတွက် မိမိတို့က ဒီစနစ်ကို ဒီမိုကရေစီရွေးကောက်ပွဲရဲ့ သဘာဝအကျဆုံးပုံစံအဖြစ် နားလည်သဘောပေါက်ကြပြီး ဒီစနစ်ကို ဒီမိုကရေစီနိုင်ငံ အများအပြားက ကျင့်သုံးကြတယ်လို့ မှတ်ယူနေကြပါတယ်။ အမှန်အားဖြင့်တော့ အနောက်ဒီမိုကရေစီ နိုင်ငံအများစုက လည်း ဒီစနစ်ကို ငြင်းပယ်လျက်ရှိပြီး ပိုမိုပြည့်စုံတဲ့ ဒုတိယစနစ်ဖြစ်တဲ့ အချိုးကျကိုယ်စားပြုစနစ်ကို အစားထိုးကျင့်သုံးနေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများရှင့်။ အချိုးကျကိုယ်စားပြုစနစ် (PR) ရဲ့သဘောတရားကတော့ အများစုက ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး လူတိုင်း လူတိုင်း ကိုယ်စားပြုခွင့်ရှိသည် ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ မဲဆန္ဒရှင်တိုင်းရဲ့ ဆန္ဒမဲအားလုံးနီးပါး အကျိုးရှိတဲ့သဘော သက်ရောက်ပါတယ်။ ဥပမာ - မဲဆန္ဒနယ်ဧရိယာကို ကျယ်ပြန့်စွာ သတ်မှတ်ပေးပြီး ရွေးချယ်မယ့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲရဲ့ ထောက်ခံဆန္ဒမဲ ရရှိတဲ့ ရာခိုင်နှုန်းအပေါ် မူတည်ပြီး ရွေးကောက်ခံရတဲ့ ကိုယ်စားလှယ်ကို သတ်မှတ်ပေးရတာ ဖြစ်ပါတယ်။ မဲဆန္ဒနယ်တစ်နယ်မှာ ကိုယ်စားလှယ်(၅)ဦး ရွေးကောက်တင်မြှောက်မယ်ဆိုရင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံတဲ့ ပါတီရဲ့ ထောက်ခံမဲကို ကြည့်ရမှာ ဖြစ်ပါတယ်။

(က)ပါတီနဲ့ (ခ)ပါတီ ယှဉ်ပြိုင်မည်ဆိုပါစို့၊ (က)ပါတီက မဲပေးသူဦးရေရဲ့ (၆၀)ရာခိုင်နှုန်း ထောက်ခံဆန္ဒမဲရရှိပြီး (ခ)ပါတီက မဲပေးသူဦးရေရဲ့ (၄၀)ရာခိုင်နှုန်း ထောက်ခံဆန္ဒမဲ ရရှိမယ်ဆိုရင် (က)ပါတီက ကိုယ်စားလှယ်က (၃)ဦးရရှိမှာဖြစ်ပြီးတော့ (ခ)ပါတီက ကိုယ်စားလှယ်(၂)ဦး ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် အချိုးကျကိုယ်စားပြုစနစ်ဟာ ပါတီတစ်ခုတည်းက လွှမ်းမိုးနေမှုကိုလည်း တားဆီးနိုင်မယ်။ လူနည်းစုပါတီငယ်နဲ့ တိုင်းရင်းသားပါတီတွေအတွက်လည်း ပိုမိုမျှတတဲ့ ကိုယ်စားပြုခွင့် ရလာမယ်။ မဲဆန္ဒရှင်အနေနဲ့ကလည်း မိမိတို့ရဲ့ဆန္ဒကို ပိုမိုရှင်းရှင်းလင်းလင်းဖော်ပြပေးနိုင်မှာ ဖြစ်လို့ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးရာလည်း ရောက်ပါတယ်။

ဆိုလိုတာက ဆန္ဒသဘောထားမတူတဲ့ ပြည်သူအများအပြားဟာ ဥပဒေပြုလွှတ်တော်များမှာ သီးခြားစီ ကိုယ်စားပြုခွင့်ရရှိမှာ ဖြစ်ပြီးတော့ အစိုးရအဖွဲ့အပေါ်မှာလည်း ပြောရေးဆိုခွင့် ရှိလာမှာ ဖြစ်ပါတယ်။ အများပြည်သူများအတွင်း အမှန်တကယ်တည်ရှိနေမယ့် နိုင်ငံရေးအမြင်အမျိုးမျိုးကို နီးစပ်စွာထင်ဟပ်ဖော်ပြနိုင်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲတွေ အလဟဿ အကျိုးမဲ့ဖြစ်မှု နည်းပါးသွားတဲ့ အတွက် ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုများပြားလာပြီး ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်ဖို့ များစွာအထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်လောင်းတွေရဲ့ အရည်အချင်း၊ အရည်အသွေး အပြိုင်အဆိုင်တိုးတက်လာပြီး ကိုယ်စားလှယ်လောင်းတွေ များပြားလာ မှာ ဖြစ်တဲ့အတွက် မဲဆန္ဒရှင်များအနေနဲ့လည်း စိတ်ကြိုက်ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

အမျိုးသမီးပါဝင်မှုနှုန်းလည်း တိုးတက်လာမယ်။ လွှတ်တော်များအတွင်းမှာလည်း ပြည်သူရဲ့ ကိုယ်စားပြုမှု ပိုမိုကျယ်ပြန့်လာပြီး ဒီမိုကရေစီစနစ်ကို ဖျက်ဆီးမယ့် ပါတီအာဏာရှင်စနစ်ကိုလည်း တားဆီးနိုင်မှာ ဖြစ်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် PR စနစ်ဟာ အများပြည်သူကို ပိုမိုကိုယ်စားပြုပြီး ပို၍ ဒီမိုကရေစီကျခြင်းတွေကို အကောင်အထည်ဖော်ဆောင်နိုင်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ဒီမိုကရေစီ ကျင့်သုံး နိုင်ငံများကနေပြီးတော့ PR စနစ် ကျင့်သုံးမှုတွေ များပြားလာပါတယ်။ ဗြိတိသျှတွေကဆိုရင် မြန်မာပြည် လွတ်လပ်ရေးပေးတဲ့အချိန်မှာ သူတို့ရဲ့နိုင်ငံမှာ ရွေးကောက်ပွဲ PR စနစ်ကို စတင်ပြီးတော့ ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ သူတို့တိုင်းပြည်မှာတောင် ပါတီကြီးနှစ်ခုက ဒီလို တစ်လှည့်စီလွှမ်းမိုးနေတာကို ပြည်သူတွေက မဲပေးရတာကို စိတ်ဝင်စားမှုမရှိတော့ဘဲနဲ့ ပညာရှင်တွေကရော ပြည်သူလူထုတွေရဲ့ လိုလားတောင့်တချက်တွေကြောင့်လည်း ယခုဆိုရင် ဝေလနယ်နဲ့ စကော့တလန်နယ်မှာဆိုရင် သူတို့ရဲ့ ပါလီမန်မှာ PR စနစ်ကို ကျင့်သုံးနေပြီ ဖြစ်ပါတယ်။

သူတို့ရဲ့အမျိုးသားပါလီမန်တစ်ခုလုံး ဒီ PR စနစ်ကို ကျင့်သုံးနိုင်ဖို့အတွက်လည်း ကြိုးပမ်း ဆောင်ရွက်နေပြီဆိုတာလည်း သိရှိထားဖို့လိုပါတယ်။ ရွေးကောက်တင်မြှောက်ပုံစနစ် ပြောင်းလဲရေးနဲ့ စပ်လျဉ်းပြီးတော့လည်း ဒီမိုကရေစီပါတီ(၁၀)ပါတီမှ နောင်လာမယ့် လွှတ်တော်အသီးသီးရဲ့ ရွေးကောက်ပွဲ တွေမှာ PR စနစ်ပြောင်းလဲကျင့်သုံးသင့်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အဆိုပြုထား တာ ရှိပါတယ်။ ရွေးကောက်ပွဲစနစ်တိုင်းမှာတော့ အားသာချက်၊ အားနည်းချက်ရှိကြပါတယ်။ အကောင်းဆုံး ပြီးပြည့်စုံတဲ့ ရွေးကောက်ပွဲစနစ်ဆိုတာ မရှိပါဘူး။ နိုင်ငံတိုင်းကလည်း မိမိတို့နိုင်ငံရဲ့ လိုအပ်တဲ့ အခြေအနေ၊ ထည့်သွင်းစဥ်းစားရမယ့် အချက်အမျိုးမျိုး၊ အပြိုင်အဆိုင် ရည်မှန်းချက်များအနက် ဦးစား ပေးရန် လိုအပ်နေမှုရှိတာကြောင့် မိမိတို့အခြေအနေနဲ့ အသုံးတည့်မတည့်၊ အကျိုးရှိ/မရှိ၊ မိမိနိုင်ငံနဲ့

ကိုက်ညီမယ့် PR စနစ် အမျိုးမျိုးရှိတဲ့ အနက်က ရှင်းလင်းတဲ့ရွေးကောက်ပွဲ PR နည်းစနစ်ဒီဇိုင်းကို မိမိတို့စိတ်ကြိုက် ရွေးချယ်ရန်သာ လိုပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံနဲ့လည်း ကိုက်ညီပြီး ရှုပ်ထွေးမှုမရှိဘဲ လွယ်ကူရှင်းလင်းပြီးတော့ ကျွန်မ ရှေ့က ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးများတွေ စိတ်ပူသလို ပါတီရဲ့လွှမ်းမိုးမှုတွေမရှိတဲ့၊ မဲဆန္ဒရှင်အများအနေနဲ့လည်း ရှုပ်ထွေးမှုလုံးဝမရှိဘဲ မိမိတို့ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်တွေကို ကိုယ်တိုင်ရွေးချယ်ခွင့်ရှိတဲ့ တရားမျှတတဲ့ PR နည်းစနစ်ဒီဇိုင်းများလည်း ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင်။ နိဂုံးချုပ် အနေနဲ့ ဆွေးနွေးလိုတာကတော့ ရွေးကောက်ပွဲကျင်းပပုံစနစ် ပြောင်းလဲကျင့်သုံးမယ်ဆိုရင် ဦးစောထွန်းမြအောင် ဆွေးနွေးခဲ့သလို သဘောတူလက်ခံတဲ့သူလည်း ရှိမှာဖြစ်သလို ဆန့်ကျင်မှု တွေလည်း ရှိမှာဖြစ်တဲ့အတွက် ဝေဖန်မှုတွေ၊ ဆန့်ကျင်တိုက်ခိုက်မှုတွေ မလွဲမသွေ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံဟာ ဒီမိုကရေစီကျင့်စဉ်နဲ့လည်းကောင်း၊ ပါတီစုံစနစ်မှာ ပါတီများ ရှင်သန်နိုင်မှုအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်မှုနှင့် ဌင်းသက်ဆိုင်ရာပါတီနှင့် တိုင်းရင်းသား များ လွှတ်တော်အတွင်း ဝင်ရောက်ပြီး နိုင်ငံရေး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသား အများစုနေထိုင်တဲ့ တိုင်းပြည်လည်း ဖြစ်တာကြောင့် အချိုးကျကိုယ်စားပြုစနစ်ကသာလျှင် မိမိနိုင်ငံနှင့် အသင့်တော်ဆုံး ရွေးကောက်ပွဲစနစ်ဖြစ်တယ်လို့ ဆွေးနွေးလိုပါတယ်။

ဒါကြောင့် လာမယ့်ရွေးကောက်ပွဲမှာ ဝင်ရောက်အရွေးချယ်ခံမယ့်ပါတီများဟာ ပါတီအကျိုးနဲ့ နိုင်ငံအကျိုး ယှဉ်လာလျှင် နိုင်ငံအကျိုးကို ဦးစားပေးစေလိုကြောင်း တိုက်တွန်းရင်း အဆိုကို ထောက်ခံ ဆွေးနွေးအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၂၈။**

**ဗိုလ်မှူးတိုးမင်းထွန်း (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၅၃၀၉ ဗိုလ်မှူး တိုးမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် တင်ပြခဲ့တဲ့ လာမည့် ပါတီစုံ မည်သည့်ရွေးကောက်ပွဲ များတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြု စနစ်ကိုကျင့်သုံးရန် လွှတ်တော်က ဆုံးဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point များ၊ အင်္ဂလိပ်အသုံးအနှုန်းများ ပါရှိလျှင် ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဆိုရှင် တင်ပြခဲ့တဲ့ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation) စနစ်ကို လက်ခံကျင့်သုံးဆောင်ရွက်မယ်ဆိုရင် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုး၊ အပြစ်၊ အားနည်းချက်၊ အားသာချက်တွေကို ထည့်သွင်းတွက်ချက် စဉ်းစားဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့တဲ့ ရွေးကောက်ပွဲစနစ်ကို ပြန်ပြီးတော့မှ လေ့လာမယ်ဆိုလို့ရှိရင် First Past The Post ဒါမှမဟုတ်လို့ရှိရင် Winner Take All နိုင်သူ အကုန်ယူသူစနစ် ဖြစ်ပါတယ်။ အဲဒီစနစ်မှာ ပါတီကြီးတွေအနေနဲ့ နိုင်ငံရေးဦးဆောင်မှု အခွင့်အလမ်း ပိုမိုရရှိထားပြီးတော့မှ အားနည်းတဲ့ပါတီတွေ အနေနဲ့ ပါဝင်ခွင့်ရရှိမှု အခွင့်အလမ်း နည်းပါးတာကိုလည်း တွေ့နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်နန်းနီနီအေး တင်ပြခဲ့သလိုပဲ မဲဆန္ဒနယ်တစ်နယ်မှာ ကိုယ်စားလှယ် (၃)ဦး ယှဉ်ပြိုင်တဲ့အခါ တစ်ဦးက (၄၀)ရာခိုင်နှုန်း၊ တစ်ဦးက (၃၅)ရာခိုင်နှုန်း၊ တစ်ဦးက (၂၅)ရာခိုင်နှုန်း အဲဒီလိုမျိုး ရရှိတဲ့အခါမှာ (၄၀)ရာခိုင်နှုန်း ရရှိတဲ့ကိုယ်စားလှယ်က ထောက်ခံမဲအများဆုံးနဲ့ လွှတ်တော် ကိုယ်စားလှယ် ဖြစ်သွားပါတယ်။ အဲဒီလို ဖြစ်သွားတဲ့အခါမှာ မဲဆန္ဒရှင်ပြည်သူများရဲ့ (၁၀၀)ရာခိုင်နှုန်း ကိုယ်စားပြုသလို ဖြစ်တဲ့အတွက်ကြောင့်မို့ သက်ရောက်မှုက ထင်ယောင်ထင်မှား ဖြစ်ပေါ်စေနိုင်ပါတယ်။ အဲဒီလိုကိုယ်စားပြုမှုဟာ တစ်နိုင်ငံလုံး အတိုင်းအတာ ဖြစ်သွားတဲ့အခါမှာ တခြားပါဝင်ယှဉ်ပြိုင်တဲ့ ပါတီ များကို ဆုံးရှုံးနစ်နာမှုများကိုလည်း ဖြစ်ပေါ်စေပါတယ်။ အဲဒီအချိန်မှာ လူအများစုဆန္ဒအရ အုပ်ချုပ်ရတဲ့ ဒီမိုကရေစီလမ်းကြောင်း၊ ပါတီစုံဒီမိုကရေစီ စနစ်အတွင်းမှာ ပါတီကြီးတစ်ခုတည်းကနေပြီးတော့ ကြီးစိုး အုပ်ချုပ်တဲ့ စနစ်သဘောမျိုး ပြန်လည်ရောက်ရှိသွားနိုင်တာ ဖြစ်ပါတယ်။

အဲဒီလို အကြောင်းတွေကြောင့် အချိုးကျကိုယ်စားပြုစနစ်ကို ဘယ်လ်ဂျီယံနိုင်ငံသား Victor D Hondt ကနေပြီးတော့မှ ၁၈၇၈ ခုနှစ်မှာ စတင်ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ Victor D Hondt စနစ် လို့လည်း ကျွန်တော်တို့ ခေါ်ဆိုကြကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချိုးကျကိုယ်စားပြု စနစ်ကို ကျင့်သုံးတဲ့နေရာမှာ နိုင်ငံများအနေနဲ့ ကောင်းသထက်ကောင်းအောင် မိမိနိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများနဲ့ သဟဇာတဖြစ်အောင် ဆောင်ရွက်ကြရင်းနဲ့ အချိုးကျကိုယ်စားပြုစနစ်နဲ့ ပတ်သတ်ပြီး အကိုင်းအခက်များစွာ ပုံစံမျိုးစုံ ဖြစ်ပေါ်လာခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

အချိုးကျကိုယ်စားပြုစနစ်ရဲ့ အခြေခံအသုံးအများဆုံးပုံစံကတော့ Party List Voting System ပုံစံဖြစ်ပါတယ်ခင်ဗျား။ အဲဒီမှာမှ Closed List နဲ့ Open List ဆိုပြီးနှစ်မျိုးထပ်ရှိပါတယ်။ တခြား မူကွဲများတွေလည်း အများကြီးရှိတာကို တွေ့ရှိရပါတယ်။ အဲဒီမှာတော့ မဲအပြတ်အသတ် အနိုင်ရရှိခြင်း (Majority)၊ နှစ်ကျော့ပြန်အရွေးခံစနစ်(Two Round System)၊ အစုလိုက်မဲပေးတဲ့စနစ်(Block Vote System)၊ ပါတီကိုယ်စားပြုရွေးချယ်တဲ့စနစ် (Party Block Vote)၊ မဲများရာ အပိုစောင်းပေးတဲ့ (Majority Bonus System)၊ မဲများလွှဲပြောင်းစရာမလိုတဲ့ အချိုးကျကိုယ်စားပြုစနစ် (Single Non Transferable Vote System)၊ နောက် လွှဲပြောင်းမဲပေးနိုင်တဲ့စနစ် (Alternative Vote System)၊ ကိုယ်စားလှယ်လောင်းစာရင်းများကို တင်ပြရတဲ့ အချိုးကျကိုယ်စားပြု system (List Proportional Representation System)၊ နောက် ကိုယ်စားလှယ်တစ်ဦးချင်းကနေပြီးတော့ မိမိနှစ်သက်ရာကို ကိုယ်စားလှယ်တစ်ဦးချင်းကို မိမိနှစ်သက်ရာ အစီအစဉ်အတိုင်း ဦးစားပေးစနစ်နဲ့ မဲပေးရွေးချယ်တဲ့ System၊ Choice Voting ဒါမှမဟုတ်လို့ရှိရင် Single Transferable Vote တို့ ဖြစ်ပါတယ်။

အဲဒါအပြင်မှ နိုင်သူအကုန်ယူစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်များကို ပူးတွဲပြီးမှဆောင်ရွက်ထားတဲ့ Mixed Member Proportional Voting System လည်း ရှိပါသေးတယ်။ အဲဒီထဲမှာမှ ကျွန်တော်တို့ အရိုးအရှင်းဆုံးစနစ်ဖြစ်တဲ့ Party List Voting ကနေပြီးတော့ Closed List ပုံစံကို ကျွန်တော် တင်ပြမှာ ဖြစ်ပါတယ်။ အဲဒီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေကတော့ အယ်လ်ဘေးနီးယား၊ အင်ဂိုလာ၊ အာဂျင်တီးနား၊ အန်ဒိုရာ၊ ဂွာတီမာလာ၊ ဟောင်ကောင်၊ အစ္စရေး ၊ အီတလီ၊ ပေါ်တူဂီ၊ ရုရှား၊ ဆာဗီးယား၊ တောင်အာဖရိက၊ စပိန်၊  သီရိလင်္ကာ၊ ထိုင်းလန်း၊ တူရကီ၊ ယူကရိန်းနဲ့ ဥရုဂွေးနိုင်ငံတို့ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ Closed List System ဟာဆိုလို့ရှိရင် Party List ပုံစံရဲ့ မူလပုံစံဖြစ်ပြီးတော့ ကိုယ်စားလှယ်လောင်းများကို ဦးစားပေးအစီအစဉ်နဲ့ အတိအကျ ရွေးချယ်သတ်မှတ်ထားပါတယ်။

မဲဆန္ဒရှင်များကနေပြီးတော့မှ ပါတီကိုသာ ဦးစားပေးရမှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရလို့ရှိရင် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး (မြောက်ပိုင်းခရိုင်) မှာဆိုလို့ရှိရင် မြို့နယ်(၈)မြို့နယ် ရှိပါတယ်။ ဆန္ဒမဲပေးခွင့်ရှိသူ သိန်း(၂၀) ရှိပါတယ်။ ကျွန်တော် ဥပမာအနေနဲ့ တင်ပြတာဖြစ်ပါတယ် ခင်ဗျား။ အဲဒီမှာမှ ဆန္ဒမဲပေးတဲ့သူဟာဆိုလို့ရှိရင် လာရောက်ဆန္ဒမဲပေးတာ (၁၆)သိန်းရှိပါတယ်။ အဲဒီတော့ ယှဉ်ပြိုင်တဲ့ ပါတီက (၄)ပါတီ၊ တစ်သီးပုဂ္ဂလပါတီ စုစုပေါင်း (၅)ပါတီလို့ ကျွန်တော် တင်ပြထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရှစ်နယ်ရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ တစ်ပါတီမှာ (၈)ဦးနှုန်း ယှဉ်ပြိုင်ပါမယ်။ (၃၂)ဦးနဲ့ တစ်သီးပုဂ္ဂလပေါင်း ၃၃)ဦးဖြစ်ပါတယ်။ အဲဒီမှာမှ ကျွန်တော်တို့က တစ်ချို့ပါတီတွေကတော့ (၄) ဦးပဲရှိရင်လည်း (၄) ဦးပဲယှဉ်ပြိုင်မှာပေါ့ခင်ဗျား။ အဲဒီမှာမှ မဲဆန္ဒမဲပေးသူက (၁၆) သိန်းဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ မဲဆန္ဒနယ်(၈)နယ် ရှိတဲ့အခါမှာဆိုလို့ရှိရင် ကျွန်တော်တို့ (၈)နဲ့စားတဲ့အတွက်ကြောင့်မို့လို့ (၂)သိန်းကို ကျွန်တော်တို့ တစ်ဦး၊ ကိုယ်စားလှယ်လောင်း တစ်ဦးရရှိမှာ ဖြစ်ပါတယ်။

အဲဒီမှာ ကျွန်တော်တို့ မဲပေးရမယ့်ပုံစံကတော့ အခု တင်ပြထားတဲ့ပုံစံမျိုး ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ တစ်ကြိမ်တည်းသာ မဲဆန္ဒပြုရပါမယ်။ မိမိဆန္ဒပြုလိုတဲ့ပါတီရဲ့အောက်မှာရှိတဲ့ လေးထောင့်ကွက်မှာ ကျွန်တော်တို့ အမှန်ခြစ်ရပါမယ်။ (က) ပါတီမှာဆိုရင် (၈)ဦးရှိပါတယ်။ ဦးစိမ်း၊ ဦးညို၊ ဦးပြာ ၊ ဒေါ်ဖြူ၊ ဦးမည်း၊ ဦးနီ စသဖြင့်ပါ။ အဲဒီမှာမှ ကျွန်တော်တို့ ပါတီများကိုတော့ ပါတီကိုယ်စားလှယ်လောင်း ဦးစားပေးမှု ပါတီတွင်းယှဉ်ပြိုင်မှု၊ ဒါမှမဟုတ်လို့ရှိရင် ပါတီကနေရွေးချယ်သတ်မှတ်ပြီးတော့ အမည်စာရင်းပေးရန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မဲပေးပြီးတော့မှ မဲရရှိလာတဲ့ တွက်ချက်မှုဇယားကျွန်တော်တို့ စဉ်းစားမယ်ဆိုလို့ရှိရင် (က)ပါတီက မဲ(၆၅၀၀၀၀) ရရှိတယ်လို့ ကျွန်တော်တို့ တင်ပြထားပါတယ်။ (၆၅၀၀၀၀) ရရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ (၂၀၀၀၀၀)နှုန်းနဲ့ဆိုရင် ပထမဦးစွာရရှိတဲ့ကိုယ်စားလှယ်ဦးရေဟာ (က)ပါတီက (၃)ဦးရပါမယ်။ (ခ)ပါတီဟာ (၂၂၀၀၀၀) ဖြစ်တဲ့အခါမှာ (၁)ဦး ရပါမယ်ခင်ဗျား။ (ဂ)ပါတီကတော့ (၂၄၀၀၀၀) ဖြစ်တဲ့အတွက်ကြောင့်မို့ (၂၀၀၀၀၀) နဲ့တွက်ရင် (၁)ဦး ရပါမယ်။ (ဃ)ပါတီကတော့(၄၁၀၀၀၀) ဖြစ်တဲ့အတွက် (၂၀၀၀၀၀)နဲ့တွက်ရင် (၂)ဦး ရပါမယ်ခင်ဗျား။ တစ်သီးပုဂ္ဂလကတော့ (၈၀၀၀၀) ဆိုတော့ မရပါဘူး။ မရတဲ့အခါမှာ ကျွန်တော်တို့က မဲဆန္ဒနယ် (၈)နယ်ရှိတဲ့အတွက်ကြောင့်မို့လို့ အဲဒီ(၈)နယ်မှာ (၇)ဦးပဲ ရပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့က ကြွင်းကျန်ဆန္ဒမဲတွေကို ပြန်တွက်ပါ့မယ်။ ပြန်တွက်တဲ့အခါမှာ (က)ပါတီက (၅၀၀၀၀) ကြွင်းကျန် ဆန္ဒမဲရှိပါတယ်။ (ခ) ပါတီက (၂၀၀၀၀) ရှိပါတယ်။ (ဂ)ပါတီက (၄၀၀၀၀) ရှိပါတယ်။ (ဃ)

ပါတီက (၁၀၀၀၀) ရှိပါတယ်။ တစ်သီးပုဂ္ဂလက (၈၀၀၀၀) ရှိပါတယ်။ အဲဒီအခါမှာ ထပ်မံရရှိတဲ့ ကိုယ်စားလှယ်က အများဆုံးမဲဆန္ဒရှိတဲ့ တစ်သီးပုဂ္ဂလက (၈၀၀၀၀)နဲ့ (၁)ဦးရရှိသွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ စာစောက တွက်ချက်တဲ့ ဇယားမှာဆိုလို့ရှိရင် ကျွန်တော်တို့ (က)ပါတီကနေ (၃)ဦး ရပါတယ်ခင်ဗျား။ (၃)ဦး ရတဲ့အတွက်ကြောင့်မို့ သူက စာစောတုန်းက Lists အတိုင်း ပေးထားတဲ့အခါမှာဆိုလို့ရှိရင် စာစောတုန်းက Slide အတိုင်း တင်ပြရလို့ရှိရင် (က)ပါတီက ဦး၊ ဦးဝါ၊ ဦးပြာ စသဖြင့် ဦးစိမ်း အမှားပြင်ပါခင်ဗျား။ ဦးစိမ်း၊ ဦးညို၊ ဦးပြာ (၃)ဦးကနေပြီးတော့ ကျွန်တော်တို့ ရရှိမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်ရဲ့ အဓိကတင်ပြလိုတာကတော့ အချိုးကျကိုယ်စားပြုစနစ်ရဲ့ မဲပေးမှုရုပ်ထွေးပုံကို ကျွန်တော် တင်ပြချင်တာပါခင်ဗျား။ တစ်ဖက်က ပြန်လေ့လာကြည့်ရင်တော့ ကျွန်တော်တို့ နိုင်သူအကုန်ယူစနစ်ထက် အချိုးကျကိုယ်စားပြုစနစ်ဟာ ပါတီစုံစနစ်မှာ ပိုမိုပေါ်လွင် အားကောင်းစေပါတယ်။ ပါတီများ ကြီးစိုးမှုကိုလည်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိုးကျကိုယ်စားပြုစနစ်ဟာ အားသာချက်များ ရှိတာမှန်ပေမယ့်လို့ တင်ပြပါ အလွယ်ဆုံးပုံစံမှာတင်ပဲ အတော်အတန် ရှုပ်ထွေးပါတယ်။ အသုံးပြုရာမှာ အငြင်းပွားဖွယ် ပြဿနာများ ရှိလာနိုင်မှာ ဖြစ်ပါတယ်။ အဆင့်ဆင့်ဆောင်ရွက်ရတဲ့ မဲဆန္ဒပေးဖို့အတွက် အချိန်လိုအပ်မှု၊ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးကုန်ကျစရိတ်၊ မဲပေးသူများ၏ အဆင်ပြေချောမွေ့စွာ မဲဆန္ဒပေးနိုင်မှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန်မှုနဲ့ လုံခြုံရေးကောင်းမွန်မှု အပါအဝင် နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကျွန်တော်တို့ ထည့်သွင်းတွက်ချက်ရန် လိုအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ် ကျင့်သုံးဖော်ဆောင်ရာမှာ အခြေခံကျတဲ့ ကျေးလက်နေပြည်သူတို့ရဲ့ပါဝင်မှုဟာလည်း အရေးပါတဲ့အတွက် သူတို့နဲ့ ကျွမ်းဝင်လွယ်ကူစေမယ့် မဲဆန္ဒနယ်ပေးတဲ့ စနစ်ကို ကျွန်တော်တို့ ရွေးချယ်ပြီးတော့မှ အသုံးပြုရပါမယ်။

ကိုယ်စားလှယ်ရွေးချယ်တဲ့စနစ်ဟာ မိမိကိုယ်စားလှယ်ကို အလွယ်ကူဆုံး သိရှိပြီးတော့မှ ဆုံးဖြတ်မဲပေးနိုင်တဲ့နည်းလမ်းကို ကျွန်တော်တို့ အသုံးပြုရပါမယ်။ အဲဒါမှသာ ကျွန်တော်တို့ မှန်ကန်တဲ့ ပြည်သူ့ကိုယ်စားလှယ်တို့ကို တင်မြှောက်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မဲဆန္ဒရှင်များအနက် (၇၀)ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူများ ဖြစ်ပါတယ်။ ဝေးလံခေါင်ဖျား အရပ်ဒေသများမှာ နေထိုင်တဲ့ ကျေးလက်နေပြည်သူတွေအတွက် ရိုးရှင်းလွယ်ကူတဲ့ ရွေးကောက်ပွဲမဲပေးစနစ်ကိုသာ ကျင့်သုံးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မဲပေးတဲ့ပညာပေးစနစ် (Electoral Education Campaign) ဟာဆိုလို့ရှိရင်လည်း ဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အခြေခံအကျဆုံး ဖြစ်ပါတယ်။ အချိန်တိုအတွင်းမှာ ပြည်သူများဟာဆိုလို့ရှိရင် မိမိတို့ကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်လောင်းအတွက် စနစ်တကျ မဲဆန္ဒပေးနိုင်ရေး ပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် အသုံးပြုမယ့် မဲပေးမယ့်စနစ်ဟာလည်း ရိုးရှင်းလွယ်ကူဖို့ အထူးကို လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထဝီနိုင်ငံရေးအရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူနည်းစုအခွင့်အရေးများနဲ့ တိုင်းရင်းသားများကို အလေးပေးတဲ့ မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ တိုင်းရင်းသားလူဦးရေ အချိုးလိုက်ကိုယ်စားလှယ် သတ်မှတ်ခြင်းတို့ဖြင့် တိုင်းရင်းသားအားလုံး မြန်မာ့နိုင်ငံရေးမှာ ပါဝင်လာ

အောင် ပြဋ္ဌာန်းသတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အချိုးကျကိုယ်စားပြုစနစ်ကို အသုံးပြုပါက တိုင်းရင်းသားများ နိုင်ငံရေးမှာ ပါဝင်နိုင်မှုကို ကန့်သတ်ခံရသကဲ့သို့ ဖြစ်လာနိုင်တာကိုလည်း ကျွန်တော်တို့ စဉ်းစားရမှာ ဖြစ်ပါတယ်။ ပါတီငယ်များ လွှတ်တော်အတွင်းကို ပိုမိုပါဝင်လာစေနိုင်ရေး အတွက် နည်းလမ်းအဖြစ် ရွေးကောက်ပွဲနည်းလမ်းကို ကျွန်တော်တို့ PR စနစ် ပြောင်းလဲသုံးခြင်းထက် လက်ရှိစနစ်ဟာ လတ်တလော မြန်မာနိုင်ငံအတွက် ပိုမိုသင့်တော်တယ်လို့ ကျွန်တော် ယူဆပါတယ်။

လတ်တလောမှာဆိုလို့ရှိရင် PR စနစ်ကို ကျင့်သုံးပြီးတော့ ရွေးကောက်ပွဲပြုလုပ်လို့ရှိရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တို့မှာရှိနေတဲ့ လူဦးရေ၊ နောက်ပြီးတော့ မဲဆန္ဒရှင်ဦးရေ၊ မြို့နယ်အရေအတွက်၊ လူဦးရေ သိပ်သည်းမှု ကွာခြားချက် စတဲ့အရာတွေ အားလုံးကို ကြားနေပြီးတော့မှ အားလုံးလက်ခံနိုင်တဲ့ မဲဆန္ဒနယ်များကို ကျွန်တော်တို့ ပြန်လည်သတ်မှတ်ဖို့ လိုအပ်မယ်လို့ ယူဆပါတယ်။ နောက် PR စနစ်ကို ကျင့်သုံးရင် ဘယ်လို PR စနစ်မျိုး ကျင့်သုံးမလဲ။ မဲဆန္ဒ အနည်းဆုံး မဲအရေအတွက်ကို ဘယ်လိုသတ်မှတ်မလဲ။ နောက်ပြီးတော့ ပါတီများနဲ့ အဲဒါကို ရွေးကောက်ပွဲကော်မတီ၊ ကော်မရှင်တို့ သဘောတူညီချက် ရရှိအောင် ညှိနှိုင်းရပါမယ်။ ညှိနှိုင်းပြီးလို့ရှိရင်လည်း အဲဒီသဘောတူညီချက်တွေကို အကောင်အထည် ဖော်တဲ့အခါမှာ တည်ဆဲဥပဒေများနဲ့ လိုက်လျောညီထွေရှိဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲ သမိုင်းမှာ တစ်ကြိမ်မှ ကျင့်သုံးထားခြင်းမရှိလို့ တွေ့ကြုံရမယ့် အခက်အခဲများစွာကို ကျော်ဖြတ်ရပါမယ်။ အဲဒီလို ကျော်လွှားနိုင်ဖို့လည်း စီမံချက်အမျိုးမျိုး ချမှတ်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရှုပ်ထွေးတဲ့လုပ်ငန်းစဉ်များလည်း ရှိလာနိုင်ပါတယ်။ အသေးစိတ်ညှိနှိုင်း သုံးသပ်ဆောင်ရွက်သင့်တာကို ကျွန်တော်တို့တွေ့ရှိနိုင်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်အတွက် လူဦးရေကိုလည်းကောင်း၊ မြို့နယ်ကိုလည်းကောင်း အခြေခံထားပါတယ်။ အမျိုးသားလွှတ်တော်အတွက်ကတော့ တိုင်းဒေသကြီး၊ ပြည်နယ်တို့ အခြေခံပြီးတော့ ကိုယ်စားလှယ် ရွေးချယ်တာ ဖြစ်တဲ့အတွက် မဲဆန္ဒအရေအတွက်ကို အခြေခံတဲ့ အချိုးကျကိုယ်စားပြုစနစ်နဲ့ ကိုက်ညီ အောင်လို့ ကျွန်တော်တို့ ပြန်လည်ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်တာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ အထက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ဖို့အတွက် အချိန်များစွာယူရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အထက်ပါအချက်များကြောင့် ဒီမိုကရေစီအလေ့အကျင့်များနဲ့ ရင်းနှီးတဲ့၊ ရင့်ကျက်တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မှာ ကောင်းသောရလဒ်များ ရရှိနိုင်ပြီးတော့ ဒီမိုကရေစီ စတင်ဖြစ်ထွန်းစ နုနယ်တဲ့ ရင့်ကျက်တည်ငြိမ်မှု အားနည်းနေသေးတဲ့ နိုင်ငံရေးပတ်ဝန်းကျင်မှာ ရှုပ်ထွေးမှု များ ဖြစ်ပေါ်စေနိုင်တာလို့ ယူဆမိပါတယ်။ အချိုးကျကိုယ်စားပြုစနစ် စတင်ကျင့်သုံးရန်အတွက် အကျိုး၊ အပြစ်များနှင့် နှိုင်းယှဉ်ပြီးမှ အချိန်ယူပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်ရန်လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိုးကျကိုယ်စားပြုစနစ်ဟာ ကျင့်သုံးရန်လိုအပ်တယ်လို့ ယူဆရန် အကြောင်းများ ရှိသော်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းစနိုင်ငံ ဖြစ်ပြီးတော့ အတွေ့အကြုံအားဖြင့် နုနယ်သေးသောနိုင်ငံဖြစ်တဲ့အတွက် လတ်တလောအနေနဲ့ အချိုးကျ ကိုယ်စားပြုစနစ်ကို သုံးစွဲရန် မသင့်တော်သေးပါကြောင်း အဆိုအား ခေတ္တဆိုင်းငံ့ထားပြီး ကျယ်ပြန့်စွာ လေ့လာသုံးသပ်၍ သင့်တော်သည့်အချိန်ရောက်ရှိမှသာ အဆိုအား ပြန်လည်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဇဉ်သာအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဒေါက်တာဇဉ်သာအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ အကြံပေးပညာရှင်များနဲ့ တာဝန်အရ အစည်းအဝေး တက်ရောက်လာသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအား ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇဉ်သာအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိုးကျကိုယ်စားပြု မဲပေးစနစ် (PR) လို့ ခေါ်ကြတယ်၊ အတိုကောက်။ ဒီစနစ်ကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲမှာ သုံးရန်အတွက် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ပြီး အကောင်အထည်ဖော်လာရင်တော့ ကျွန်တော်တို့ရဲ့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအနေနဲ့ လက်ခံကျင့်သုံးသွားပါမယ်လို့ ကတိပေးလိုပါတယ်။ PR စနစ်ကို သုံးပြီး ပါတီငယ်ကို ဖျောက်မယ့် ကိရိယာတစ်ခု အဖြစ်လည်း အသုံးပြုနိုင်ပါတယ်။ PR စနစ်က ပါတီများ ပိုပြီးတော့ ပေါ်ပေါက်အောင်၊ ပါတီတွေ ပိုများအောင်၊ ဒီမိုကရေစီ ပိုပြီးတော့ အခွင့်အလမ်းရှိမယ်လို့ ကျွန်တော် အဲဒီလို တစ်မျိုးက တွက်လို့ရတယ်။ နောက်တစ်မျိုးက တွက်လို့ရတာ ဘာလဲဆိုတော့ ပါတီငယ်တွေကို ဖျောက်ဖျက်ဖို့အတွက် ဒီစနစ်ကို အသုံးချလို့ရပါတယ်။

ဥပမာအားဖြင့် တစ်နိုင်ငံလုံးမှာ မဲရာခိုင်နှုန်း (၅)ရာခိုင်နှုန်း မပြည့်တဲ့ပါတီကို ဖျက်သိမ်းရမယ်ဆိုလို့၊ အချို့နိုင်ငံမှာ အဲဒီလိုလုပ်လို့ ရာခိုင်နှုန်းအရေအတွက်နဲ့ ကြည့်ပြီးတော့ ပါတီတွေ အပိတ်ခံလိုက်ရတာ ဒါလည်း ရှိပါတယ်။ ဒါက မကောင်းတဲ့ဘက်က ကျွန်တော်တို့ တွက်ကြည့်တာပါ။ နောက်တစ်ခုက တကယ်လို့ အဲဒီလို မသတ်မှတ်တာ ထားဦးတော့။ တချို့ပြည်နယ်မှာဆိုရင် အခက်အခဲတစ်ခုက ဘာလဲဆိုတော့ မွန်ပြည်နယ်ဆို ရှင်းတယ်။ တနင်္သာရီတိုင်းဆိုလည်း ရှင်းတယ်။ ကရင်ပြည်နယ်ဆိုလည်း ရှင်းတယ်။ စစ်ကိုင်းတိုင်း နဲနဲရှုပ်တယ်။ ဘာရှုပ်လဲဆိုတော့ စစ်ကိုင်းတိုင်းမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှိတယ်။ ရှမ်းပြည်နယ်ဆို အများကြီး ရှုပ်တယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အဲဒီလို ရှိတယ်။ အဲဒီလိုရှိတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားတာ ပြည်နယ်တစ်ခုမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၂)ယောက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ တစ်ခုစီမှာ (၁)ယောက်စီ။ အဲဒီတော့ တစ်ခါတည်း ပြည်နယ်တစ်နယ်၊ တိုင်းတစ်တိုင်းကို ကျွန်တော်တို့က ရွေးကောက်ပွဲနယ်မြေ အနည်းဆုံး အဲဒီလောက် သတ်မှတ်မှ (PR) စနစ်နဲ့ ကိုက်ညီမယ်။ ဒီရွေးကောက်ပွဲနယ်မြေ သေးသေးလေးနဲ့ ဆိုရင် မကိုက်ညီဘူး။

ခုနကတုန်းက တပ်မတော်ကိုယ်စားလှယ် တင်ပြသွားတဲ့ ဥပမာ - (၈)ယောက် အနည်းဆုံး။ ကျွန်တော်တို့ အခုက ပြည်နယ်တစ်ခုမှာ (၁၂)ယောက်ဆိုတော့ (၁၂)ယောက် ဒါ ရွေးကောက်ပွဲနယ်မြေ

တစ်ခု သတ်မှတ်တဲ့အခါမှာ စစ်ကိုင်းတိုင်းမှာကျတော့ ခုနကတုန်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် (၁)ယောက် ရွေးဖို့လိုတယ်ဆိုတော့ (၁)ယောက်တည်းနဲ့ (PR) စနစ်ကို ကျွန်တော်တို့ ဘယ်လိုကျင့်သုံးမလဲ။ ဒါ အခက်အခဲက။ ရှမ်းပြည်နယ်မှာ အဲဒီအတိုင်းပဲ။ အဲဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွေမှာ တစ်ယောက်စီ၊ တစ်ယောက်စီ၊ တစ်ယောက်စီပဲ ရှိတယ်ဆိုတော့ အဲဒီတိုင်းရင်းသားပါတီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ တိုင်းက လူမျိုးစု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ လူမျိုးစုတွေရဲ့ ပါတီဟာ ဘယ်လို ရပ်တည်မလဲ။ ဒီရွေးကောက်ပွဲစနစ်တွေကို ဘယ်လိုချရမလဲ ဆိုတာ အားလုံးပါဝင်ဖို့အတွက် ဒါကို ကျွန်တော်တို့ အများကြီး ထည့်စဉ်းစားရမယ်။

အဲဒီတော့ ဒီရွေးကောက်ပွဲကို၊ ဒီစနစ်ကို ကျွန်တော်တို့ သုံးပြီဆိုရင်၊ သုံးမယ်လို့ ဆုံးဖြတ်ချက်ရမယ် ဆိုရင်လည်းပဲ ခုနက ဆွေးနွေးသွားတဲ့ပုဂ္ဂိုလ်များ အားလုံးရဲ့ ဆွေးနွေးချက်မှာ ပါတယ်။ ကျွန်တော်တို့နဲ့ အကိုက်ညီဆုံးစနစ် ဖြစ်ဖို့၊ ဒါ အသင့်တော်ဆုံးစနစ် ဖြစ်ဖို့။ ဥပမာ - စာရေး၊ စာဖတ် တတ်မှ မဲပေးလို့ တတ်တယ်ဆိုရင်၊ ဒီစနစ်မျိုးဆိုရင် ကျွန်တော်တို့နိုင်ငံအတွက်၊ အထူးသဖြင့် ကျွန်တော်တို့ ပြည်နယ်တွေမှာ ဗမာ မဟုတ်တဲ့ တိုင်းရင်းသားလူမျိုးတွေဟာ ဗမာစာ မတတ်တဲ့နှုန်း ကြည့်မယ်ဆိုရင် အခြားတိုင်းဒေသတွေထက် ပိုများတယ်။ အဲဒီတော့ မဲပေးတဲ့နေရာမှာ၊ သူတို့မှာ ဒါဆိုရင် အားနည်းချက်တစ်ခု၊ နစ်နာချက်တစ်ခု ဒီနစ်ကို ကျွန်တော်တို့ ကျင့်သုံးတဲ့အတွက်ကြောင့် ဒါပေမဲ့ ကိုက်ညီတဲ့စနစ်ရှိတယ်။ ဒီ PR မှာ။ ခုနကတုန်းက ပြောသွားတယ် Party Lists ၊ Party Lists ဆိုတော့ ဘယ်ပါတီကို မဲပေးမယ်ဆိုရင် ဘယ်ပါတီက ဘယ်တံဆိပ်၊ ဒါ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက ကျွန်တော်တို့ သုံးခဲ့တဲ့ FPTP စနစ်၊ ကျွန်တော်တို့ ဒီစနစ်က တံဆိပ်နဲ့ အဓိက။ တံဆိပ်ပါတယ်။ လူနာမည် ပါတယ်။ နောက်ပြီးတော့ အမှန်ခြစ်တယ် ဆိုတော့ အဲဒါမျိုး PR စနစ်မှာလည်း အဲဒီလိုမျိုး လွယ်လွယ်ကူကူနဲ့ ကျွန်တော်တို့ လုပ်နိုင်ရင်တော့ ဒါ ဘာလဲဆိုတော့ အသုံးကျတယ်။ အသုံးချလို့ ဖြစ်ပါတယ်။

ဒါပေမဲ့ ခုနက ခက်တာက အဲဒီရွေးကောက်ပွဲမှာ၊ ဒေသတစ်ခုမှာ တစ်ယောက်ပဲယူမယ် ဆိုရင် PR စနစ် ဘယ်လိုကျင့်သုံးမလဲ။ အဲဒီတော့ အလားအလာက ဘာလဲဆိုတော့ ရောနှောတဲ့စနစ်မျိုး သုံးဖို့တော့ လိုအပ်မလား။ ဒါ ကျွန်တော်တို့ စဉ်းစားဖို့လိုတယ်။ အကောင်းဆုံးဖြစ်အောင် လုပ်ဖို့လိုတယ်။ နောက်ပြီးတော့ ဒီ PR စနစ်က ကျွန်တော်တို့အတွက် အနာဂတ်မှာ အင်မတန် အကျိုးရှိမယ့်အချက်တစ်ချက်လို့ ကျွန်တော် မြင်တယ်။ ဒါ အများကလည်း ဆွေးနွေးသွားပါတယ်။ Electoral Dictatorship ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အာဏာရှင်စနစ်ကို ကာကွယ်ဖို့ အင်မတန် အရေးကြီးပါတယ်။ အဲဒီစနစ်ကြောင့် ဘယ်နိုင်ငံမှာမဆို ဒီမိုကရေစီပေါ်ထွန်းစနိုင်ငံ၊ ဒီမိုကရေစီစနစ် မရင့်ကျက်သေးတဲ့နိုင်ငံမှာ အဲဒီရွေးကောက်ပွဲ အာဏာရှင်တစ်မျိုးခေါ်ရင် ဒီမိုကရေစီအာဏာရှင်စနစ်ကြောင့် နောက်ကြောင်းပြန်လှည့်သွားတယ်။ ဒါ ကျွန်တော်တို့ ဒီကနေ့ ဖြစ်ပျက်နေတာလည်း မြင်တယ်။ ပြီးခဲ့တဲ့အချိန်က ဖြစ်ပျက်ခဲ့တာလည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်သင့်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း ဖြစ်ခဲ့တာ ဖဆပလ အစိုးရတုန်းက မဲ အများစုနဲ့ အပြတ်အသတ်နိုင်တဲ့အခါကျတော့ အခြားပါတီတွေကို ဂရုမစိုက်ဘူး။ တိုင်းရင်းသား ပြည်နယ်တွေအပေါ်တောင်မှ ဖွဲ့စည်းပုံအတိုင်း မဟုတ်တဲ့ လုပ်ရပ်တွေ၊ အဲဒီအချိန်တုန်းက လုပ်သွားတာ အများကြီး ရှိတယ်။ အဲဒီ ဒီမိုကရေစီအာဏာရှင်စနစ်ကြောင့် တိုင်းရင်းသားနဲ့၊ တိုင်းရင်းသားလူမျိုးစုတွေနဲ့၊ ပြည်နယ်တွေနဲ့ ပြဿနာအများကြီး ပိုပြီးတော့ ကြီးထွားလာတာလည်း ရှိခဲ့တယ်။ နောက်ပြီးတော့ အခြားပါတီတွေ

အပေါ်မှာ အနိုင်ကျင့်လာတယ်။ ရွေးကောက်ပွဲမှာ မနိုင်နိုင်အောင်လည်းပဲ အာဏာကို သုံးပြီးတော့ ဒါ ဒီမိုကရေစီ အာဏာရှင်စနစ်ဆန်ဆန် လုပ်ခဲ့တာ အများကြီး ရှိပါတယ်။

နောက်ဆုံးကျတော့ ဘယ်လိုဖြစ်လာသလဲဆိုတော့ သူ့ရဲ့အာဏာ တည်မြဲရေးအတွက်ကို ဘာသာရေးကိုပါ အသုံးချတယ်။ အဲဒီတော့ တစ်ပါတီ ဒီမိုကရေစီအာဏာရှင်စနစ်ဟာ ကျွန်တော်တို့ တိုင်းပြည်အတွက်ရော၊ အခြားတိုင်းပြည်မှာလည်း အင်မတန်မှ အန္တရာယ်ကြီးပါတယ်။ ဒီမိုကရေစီစနစ်မှာ အင်မတန် အန္တရာယ်ကြီးပါတယ်။ အဲဒီတော့ ဒီစနစ်ကို ကာကွယ်ပေးနိုင်တာ PR စနစ်။ PR စနစ်နဲ့ ကျွန်တော်တို့ ရွေးကောက်ပွဲလုပ်၊ ပါတီကြီးက ဘယ်လောက်ပဲ ထောက်ခံမှုများများ၊ (၅၀)ရာခိုင်နှုန်း ရဖို့ဆိုတာ အင်မတန် ခက်ခက်ခဲခဲ ရှိတယ်။ အဲဒီတော့ ကျန်တဲ့ပါတီက (၃၀)ရာခိုင်နှုန်း၊ (၄၀)ရာခိုင်နှုန်း၊ (၁၀)ရာခိုင်နှုန်း၊ (၅)ရာခိုင်နှုန်း။ အဲဒီတော့ အစိုးရဖွဲ့တဲ့အခါကျတော့ ညွန့်ပေါင်းအစိုးရ ဖြစ်လာတယ်။ ညွန့်ပေါင်းအစိုးရ ဖြစ်လို့ တိုင်းပြည် မတိုးတက်တာမဟုတ်ဘူး။ ဒီကနေ့ ညွန့်ပေါင်းအစိုးရနဲ့ တိုင်းပြည် တိုးတက်လာတဲ့ အစ္စရေး လိုမျိုး။ အန္တရာယ်လည်း များတယ်။ တိုင်းပြည်လည်း တိုးတက်တယ်။ အမြဲတမ်း ညွန့်ပေါင်းအစိုးရပဲ။ ဂျာမဏီလည်း ဒီအတိုင်းပဲ။ အဲဒီတော့ ညွန့်ပေါင်းအစိုးရဟာလည်းပဲ ဘာလဲဆိုတော့ တစ်ပါတီတည်းကို ကိုယ်စားမပြုဘူး။ ပါတီများကို ကိုယ်စားပြုတဲ့အတွက်ကြောင့် တစ်ပါတီအာဏာရှင် စနစ် မဖြစ်ပေါ်လာနိုင်ဘူး။ တစ်ပါတီအာဏာရှင်စနစ် ရွေးကောက်ပွဲနဲ့ တက်လာတဲ့ တစ်ပါတီ အာဏာရှင်စနစ်ကို ကာကွယ်ပေးနိုင်တဲ့ PR စနစ်က ကာကွယ်ပေးနိုင်တယ်။

နောက်တစ်ခုက ဘာလဲဆိုတော့ ဒီမိုကရေစီ ထူထောင်နေတဲ့နိုင်ငံတွေ နောက်ကြောင်း မပြန်ဖို့အတွက် PR စနစ်က ဆေးတစ်ခွက် ဖြစ်တယ်။ ဒါ လက်တွေ့မှာ တွေ့ခဲ့ပြီးပြီ။ ဒီကနေ့လည်း ဖြစ်ပေါ်နေတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ မြင်တာက အားလုံးနဲ့ကိုက်ညီတဲ့ PR စနစ် ဖြစ်ဖို့ လိုအပ်တယ်။ နောက်ပြီးတော့ တိုင်းရင်းသားလူမျိုးစုငယ်တွေရဲ့ အခွင့်အရေး မဆုံးရှုံးစေနိုင်တဲ့ PR စနစ် ဒီဇိုင်းမျိုး ဖြစ်ဖို့လိုတယ်။ နောက်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲကော်မရှင်ကနေပြီးတော့ လက်တွေ့ကျ တရားမျှတတဲ့ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေကို ထုတ်ဖို့လိုအပ်တယ်။ လွှတ်တော် အနေနဲ့ လည်း ဝိုင်းပြီးတော့ အလုပ်လုပ်ပေးဖို့ လိုတယ်။ နောက်ပြီးတော့ ပညာပေးမှုမှာ ခုနကတုန်းက တကယ်လို့ လွယ်ကူတဲ့နည်းဆိုရင်တော့ ကျွန်တော်တို့နိုင်ငံတွေက ဒီလောက်မခက်ဘူး။

ပြီးခဲ့တဲ့ ရွေးကောက်ပွဲက အတွေ့အကြုံအရ အနှစ်(၂၀)ကျော် ရွေးကောက်ပွဲကို ကျော်လွန် ပြီးတော့မှ အနှစ်(၂၀)။ အနှစ်(၂၀)ကျော်ခဲ့ပြီးတောင်မှ ရွေးကောက်ပွဲ လုပ်တော့မယ်ဆိုတော့ Voting Education များများပေးတယ်။ NGO တွေရော၊ အသင်းအဖွဲ့တွေရော ဝိုင်းပြီးတော့ လုပ်ပေးတယ်။ အဲဒီလို ဝိုင်းလုပ်ပေးတဲ့အတွက်ကြောင့် ရွေးကောက်ပွဲ ရောက်လာတဲ့အချိန်မှာ စာမတတ်တဲ့လူတောင်မှ မဲပေးတတ်တယ်။ အဲဒီတော့ ကျွန်တော်တို့မှာ အတွေ့အကြုံ သိပ်မရှိလို့ ပယ်မဲတွေ လုပ်တဲ့ဥစ္စာက ဒါက ရွေးကောက်ပွဲကော်မရှင်ပေါ်မှာ မူတည်တယ်။ အဲဒါက နည်းနည်းများတယ်ဆိုတာ ရွေးကောက်ပွဲ ကော်မရှင်ပေါ်မှာ မူတည်သေးတယ်။ အဲဒီတော့ ကျွန်တော်တို့က မဲမပေးတတ်မှာကြောက်လို့ ဆိုတာ ထက်ကို ကျွန်တော်တို့က မှန်မှန်ကန်ကန်လုပ်ဖို့၊ ပညာပေးဖို့ သင့်တော်တဲ့ PR စနစ်ရွေးဖို့ အဲဒါ အင်မတန်အရေးကြီးပါတယ်။ အဲဒီအချက်အလက်တွေ အကုန်လုံး။ ဒီကနေ့ကျတော့ ဒီကနေ့ ဒီအချိန်မှာ ကျွန်တော့်အနေနဲ့ကတော့ အများရဲ့ အဆုံးအဖြတ်ကို ခံယူပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ကတော့ ဘာလဲဆိုတော့ ဒီ PR စနစ်ကို ကျင့်သုံးဖို့အတွက် ပြင်ဆင်မှုမှာရော၊ နည်းဥပဒေမှာရော၊ ဥပဒေမှာရော အဲဒါကို ကြည့်ပြီးတော့မှ ကျွန်တော်တို့က ထောက်ခံပါလိမ့်မယ်။ ဒီကနေ့တော့ အများရဲ့ဆန္ဒကို ခံယူပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၅၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၂း၅၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်ကျင်းပတော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့်ပန်ကြားတဲ့ ပုဂ္ဂိုလ်(၄)ယောက် ရှိပါတယ်ခင်ဗျား။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကျောက်မျက်ဥပဒေ အစည်းအဝေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ၎င်းအတိုင်း။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ၎င်းအတိုင်း။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ၎င်းအတိုင်း ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်းခွင့်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၅၆။**

**ဗိုလ်မှူးကျော်နိုင်ဌေး (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင် ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၉၂၀၉ ဗိုလ်မှူးကျော်နိုင်ဌေး

ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ၏ လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာစကားလုံး အသုံးအနှုန်းများ ပါရှိသည့်အတွက် သုံးစွဲခွင့် ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီကျင့်သုံးနေသော ကမ္ဘာ့နိုင်ငံ အသီးသီး တွင် ၎င်းတို့နိုင်ငံနှင့် ကိုက်ညီသော ရွေးကောက်တင်မြှောက်ပွဲ စနစ်အမျိုးမျိုးကို ကျင်းပပြုလုပ်လျက် ရှိပါတယ်။ ရွေးကောက်တင်မြှောက်ပွဲစနစ်များထဲမှ မိမိတို့နိုင်ငံနှင့်ကိုက်ညီဆီလျော်မှုရှိသော ရွေးကောက် တင်မြှောက်ပွဲ စနစ်အမျိုးမျိုးကို ကျင်းပပြုလုပ်လျက် ရှိပါတယ်။ ရွေးကောက်တင်မြှောက်ပွဲစနစ်များထဲမှ မိမိတို့နိုင်ငံနှင့် ကိုက်ညီဆီလျော်မှုရှိသော ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးနိုင်မှသာ ၎င်းနိုင်ငံ၏ ဒီမိုကရေစီစနစ်ကို အထောက်အကူပြုမည် ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို အခြေပြုပြီး ရွေးကောက် တင်မြှောက်ပုံစနစ် များစွာရှိပြီး အဓိကအားဖြင့် ထောက်ခံမဲအများဆုံးရသူ အနိုင်ယူသူစနစ် FPTP နှင့် အချိုးကျ ကိုယ်စားပြုစနစ် (PR) ဟူ၍(၂)မျိုးရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

PR စနစ်ကို ဘယ်ဂျီယန်နိုင်ငံသား Victor D Hondt က ၁၈၇၈ ခုနှစ်တွင် စတင်ဖော်ထုတ် နိုင်ခဲ့ပြီး ဆိုရှယ်လစ်ဝါဒီတစ်ဦးဖြစ်သူ Victor Conside Rant ကလည်း ၁၈၉၂ ခုနှစ်တွင် ၎င်းစနစ်အား ရေးသား ထုတ်ဝေခဲ့ပါတယ်။ အချိုးကျ ကိုယ်စားပြုစနစ် PR ဆိုသည်မှာ မဲဆန္ဒနယ်မြေကြီးတစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်အချို့ကို တစ်ပြိုင်နက်တည်း ရွေးချယ်တင်မြှောက်ရသော စနစ်ဖြစ်ပါတယ်။ ကိုယ်စားလှယ်ဦးရေ များသည့်အတွက် မဲဆန္ဒနယ်မြေလည်း ပိုမိုကျယ်ဝန်းပါတယ်။ အခြေခံအားဖြင့် နိုင်ငံရေးပါတီတိုင်းက ကိုယ်စားလှယ်လောင်းများစာရင်းကို တင်ပြရာတွင် မဲဆန္ဒရှင်က ကြိုက်သည့် ပါတီကို ရွေးချယ်မဲပေးရပါမည်။ ပါတီများရရှိသည့် ဆန္ဒမဲအရေအတွက်နှင့် အချိုးကျကိုယ်စားပြုစနစ် သည် မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးထက် ပိုမိုရွေးချယ်သော စနစ်ဖြစ်ပါတယ်။

ထို့ကြောင့် PR စနစ်တွင် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသော ပါတီအသီးသီးက ရရှိ သည့် ဆန္ဒမဲ အရေအတွက်၊ အချိုးအစားအရ လွှတ်တော်ကိုယ်စားလှယ်ဦးရေကို ရရှိမည်ဖြစ်ပြီး ဆန္ဒမဲ အများစုရသူ အနိုင်ရသည့်စနစ် ဆက်လက်မဟုတ်ဘဲ ဆန္ဒမဲရရှိမှု အချိုးအစားကို အခြေခံကျင့်သုံး ရသော စနစ်ဖြစ်ပါတယ်။

ထောက်ခံမဲ အများဆုံးရသူ အနိုင်ယူစနစ် (FPTP) သည် မဲဆန္ဒရှင် အများစု၏ဆန္ဒကို အလွယ်ကူဆုံး ဖော်ထုတ်သော နည်းစနစ်ဖြစ်ပါတယ်။ မဲဆန္ဒနယ်တစ်ခုတွင် ပါတီများမှ ကိုယ်စားလှယ် များ မည်မျှရှိသည်ဖြစ်စေ ကိုယ်စားလှယ်တစ်ဦးသာ ရွေးချယ်ပြီး ထောက်ခံမဲ အများဆုံးရသူတစ်ဦး ကိုသာ အနိုင်ပေးသောစနစ် ဖြစ်ပါတယ်။ FPTP စနစ်တွင် မဲဆန္ဒနယ်မြေတစ်ခုအတွက် ရွေးချယ် ခံရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ယင်းမဲဆန္ဒနယ်မြေမှ ပြည်သူအားလုံး၏ဆန္ဒကို ကိုယ်စားမပြုနိုင်သော်လည်း မဲဆန္ဒနယ်မြေများနှင့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် မည်မျှစွာ သတ်မှတ်ဆောင်ရွက်ရသော ရိုးရှင်းလွယ်ကူသည့် စနစ်ဖြစ်ခြင်း၊ မဲဆန္ဒနယ်မြေတစ်ခုတွင် ပါတီတစ်ခုစီမှ

ကိုယ်စားလှယ်တစ်ဦးစီသာ ယှဉ်ပြိုင်အရွေးခံသောစနစ်ဖြစ်၍ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မိမိထောက်ခံလိုသော ကိုယ်စားလှယ်လောင်းအား ရှင်းလင်းလွယ်ကူစွာ ဆန္ဒမဲပေးနိုင်ခြင်း၊ ရွေးချယ်တင်မြှောက်ပုံစနစ်များတွင် အရိုးရှင်းဆုံးစနစ်ဖြစ်ပြီး မဲအရေအတွက် လွယ်ကူစွာ တွက်ချက်နိုင်ခြင်းစသော မဲပေးမှု ရိုးရှင်းလွယ်ကူသည့် စနစ်ဖြစ်သည့်အတွက် မျက်မှောက်ကာလ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး အောင်မြင်တိုးတက်သော အမေရိကန်၊ ဗြိတိန်နှင့် အိန္ဒိယနိုင်ငံကြီးများတွင်လည်း FPTP စနစ်ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ အမေရိကန်နိုင်ငံမှာ ယခင်က PR စနစ်ကိုကျင့်သုံးခဲ့ပြီး အားနည်းချက်တွေရှိခဲ့တာကြောင့် FPTP စနစ်ကို ကျင့်သုံးတယ်လို့ မှတ်သားဖူးပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်သည် လူနည်းစု၏ဆန္ဒသဘောထားကို ဖော်နိုင်ပြီး၊ ပါတီကြီးများ၏ လွှမ်းမိုးမှုမှ ကင်းလွတ်နိုင်သော်လည်း ပါတီများသည်ကိုယ်စားပြုမှုကို အချိုးကျသတ်မှတ်ခြင်းဖြစ်၍ မည်သည့်ပါတီမှ မဲအများဆုံး မရရှိနိုင်သဖြင့် တည်ငြိမ်ခိုင်မာသော အစိုးရတစ်ရပ်ဖွဲ့စည်းရန် မလွယ်ကူခြင်း၊ အချိုးကျကိုယ်စားပြုစနစ်ဖြစ်၍ ပါတီစုံ၊ လူမျိုးစုံ၊ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်ခွင့် ရရှိမည်ဖြစ်၍ နိုင်ငံရေး အစွန်းရောက်အုပ်စုများ၊အကြမ်းဖက်အုပ်စုများမှ ကိုယ်စားလှယ်များ အစိုးရအဖွဲ့တွင် ပါဝင်လာနိုင်ခြင်း၊ ပါတီပေါင်းစုံမှကိုယ်စားလှယ်များဖြင့် ညွန့်ပေါင်းအစိုးရ ဖွဲ့ရမည့် အနေအထား ဖြစ်လာနိုင်သောကြောင့် ညွန့်ပေါင်းအစိုးရများ ကြုံတွေ့ရလေ့ရှိသော နိုင်ငံရေး မတည်ငြိမ်မှုများ၊ နိုင်ငံရေးအုပ်စုဖွဲ့ အားပြိုင်မှုများပေါ်ပေါက်လာနိုင်ခြင်း၊ ပါတီအများစုမှ ကိုယ်စားလှယ်များဖြစ်သည့်အတွက် လွှတ်တော်အတွင်းအရေးကြီးကိစ္စများကို ဆုံးဖြတ်ရာတွင် သဘောတူညီမှု ရရှိရန် ခက်ခဲခြင်း၊ မူဝါဒ ရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ စာချုပ်အတည်ပြုခြင်းများနှင့် အမျိုးသားအဆင့် မဟာဗျူဟာများချမှတ်ခြင်း ကဲ့သို့သော ကိစ္စရပ်များကို သဘောတူညီမှု ရရှိရန် ခက်ခဲပြီး အချိန်ကြန့်ကြာစေခြင်း၊အရေးပေါ် အခြေအနေကာလများ (Crisis and Emergency Period) များတွင် အစိုးရ၏ စီမံခန့်ခွဲမှုနှောင့်နှေးအားလျော့စေခြင်း၊ PR စနစ်၏ ရှုပ်ထွေးသော လုပ်ငန်းစဉ်များ၊ ကိုယ်စားလှယ်လောင်းရွေးချယ်မှု စသည့် ရှုပ်ထွေးနက်နဲသော စည်းကမ်းချက်များကြောင့် လူထုနှင့် နိုင်ငံရေးပါတီများအားမဲပေးသည့် ပညာပေးစနစ်အား ပိုမိုပြုလုပ်ရန် လိုအပ်ခြင်း၊ အထူးသဖြင့် PR စနစ်သည် လူဦးရေကိုအခြေခံပြီး ရွေးချယ်တင်မြှောက်ရတဲ့ စနစ်ဖြစ်တဲ့အတွက် လူဦးရေ အချိုးအစားနည်းသော တိုင်းရင်းသားကိုယ်စားလှယ်များ နစ်နာမှုရှိနိုင်ခြင်း စသော အားနည်းချက်များစွာရှိကြောင်း လေ့လာသိရှိရပါတယ်။ PR စနစ်ကို အမျိုးသားလွှတ်တော် အပါအဝင် မြန်မာနိုင်ငံ၏ အနာဂတ်ရွေးကောက်ပွဲများတွင် ကျင့်သုံးရန်သင့်၊ မသင့် ဆင်ခြင်သုံးသပ်ရာ၌ ယခင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ၊ နိုင်ငံရေးဒီမိုကရေစီရင့်ကျက်မှုအနေအထား၊ နိုင်ငံ၏ ဘဏ္ဍာရေး အခြေအနေနှင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသောတိုင်းရင်းသားများ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။

ရွေးကောက်ပွဲစနစ်သည် နိုင်ငံတော်သမိုင်းကြောင်း လက်ရှိ နိုင်ငံရေး အခြေအနေများနှင့်ကိုက်ညီစေရန် စေ့စပ်သေချာစွာ ချိန်ဆသတ်မှတ်ရသော လုပ်ငန်းစဉ် ဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံ၏ဒီမိုကရေစီစနစ် ရင့်သန်ခိုင်မာစေရန်အတွက် ပါတီများအားလုံးနှင့် တိုင်းရင်းသားများ၏ နိုင်ငံရေးပါဝင်မှု အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ ဒီမိုကရေစီ နောက်ကြောင်းပြန်မသွားစေရန်အတွက်အခြားအရေးပါသော စိန်ခေါ်မှုများကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန် လိုအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲများကို ပထမအကြိမ်အဖြစ် ၁၉၅၁၊ ၁၉၅၂ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ပါလီမန်ရွေးကောက်ပွဲများကို ၁၉၅၆ တွင်လည်းကောင်း၊ တတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲများကို ၁၉၆၀ ပြည့်နှစ်တွင်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲရလာဒ်ကို ခြုံငုံသုံးသပ်ရပါက ပါတီပေါင်း (၃၇)ပါတီ ဝင်ရောက်ယှဉ်ပြိုင်ပြီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အတွင်း အနိုင်ရ၍ ပါဝင်ခွင့်ရသော ပါတီပေါင်း (၁၅)ပါတီဖြစ်ပြီး၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် တိုင်းရင်းသားပါတီများ အပါအဝင် ပါတီပေါင်း(၂၂)ပါတီ အနိုင်ရ၍ နိုင်ငံ၏ ဒီမိုကရေစီလမ်းစဉ်တွင် တိုင်းရင်းသားပါတီများနှင့် ပါတီငယ်များ ပါဝင်လာကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၂ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးချိန်တွင် နိုင်ငံရေးပါတီ (၁၆)ပါတီ၊ ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားပြုနိုင်သဖြင့် မြန်မာနိုင်ငံ၏ ပါတီစုံရွေးကောက်ပွဲများသည် နိုင်ငံရေးပါတီအားလုံး၏ (၄၅)ရာခိုင်နှုန်းကို ပါဝင်လာနိုင်ပြီး တိုင်းရင်းသားပါတီများ၏ ပြည်နယ်အလိုက် ဆန္ဒမဲ အနိုင်ရမှုသည် ပါတီစုံစနစ်ကို ဖော်ပြသော ထင်ရှားသည့် လက္ခဏာတစ်ရပ် ဖြစ်ပါတယ်။

မြန်မာ့သမိုင်းကြောင်းတစ်လျှောက်၌ ရွေးကောက်ပွဲများ ကျင်းပရာတွင် နိုင်ငံရေးပါတီများ၏ အလေ့အထကိုလည်း ရွေးကောက်ပွဲစနစ်ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါတယ်။ PR စနစ်ကျင့်သုံးပြီး လွှတ်တော်အတွင်း ပါတီစုံပါဝင်လာနိုင်ရေးကို ပြင်ဆင်ဆောင်ရွက်သည့် အဆိုပြုချက်တွင် အဆင့်ဆင့်ဆောင်ရွက်ရသော ဆန္ဒမဲပေးမှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သော အချိန်၊ လိုအပ်သော ဘဏ္ဍာရေးအသုံးစရိတ်၊ မဲဆန္ဒရှင် ပြည်သူများ၏ အသိမြင့်မားမှု၊ မဲပေးမှုစနစ် တတ်ကျွမ်းမှု ရှိ/မရှိ စသည့်အချက်များကို ထည့်သွင်းသုံးသပ်ရန် လိုအပ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၁၊ ပုဒ်မခွဲ(က)တွင် တိုင်းရင်းသားလူဦးရေ အချိုးအစားအလိုက် ကိုယ်စားလှယ်အရေအတွက် ပါဝင်နိုင်ရေးကို သတ်မှတ်ပြဋ္ဌာန်းပေးထားကြောင့် တွေ့ရှိရပါတယ်။ ထို့ကြောင့် လွှတ်တော်အတွင်း ပါတီပေါင်းစုံ ပါဝင်လာနိုင်စေမည့် PR စနစ်ပြောင်းလဲကျင့်သုံးခြင်းထက် တိုင်းရင်းသားပေါင်းစုံပါဝင်စေသည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ FPTP စနစ်အား ဆက်လက်ကျင့်သုံးဆောင်ရွက်ခြင်းသည် လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ လက်ရှိကျင့်သုံးလျက်ရှိသော မဲအများဆုံး ရရှိသူကို အနိုင်ပေးသည့်စနစ်မှ အချိုးကျကိုယ်စားပြုစနစ်သို့ ပြောင်းလဲကျင့်သုံးမည် ဆိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လိုအပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြုပြင်ရေးဆွဲခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရခြင်း၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုကို မဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေးရခြင်း၊ အသိပညာပေးရန် အချိန်ယူရခြင်း၊ မူလ မဲပေးမှုစနစ်မှ အခြားမဲပေးမှုစနစ် တစ်မျိုးသို့ ပြောင်းလဲကျင့်သုံး၍ လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကို ပြည့်စုံမှန်ကန်စွာ ပြုစုရေးဆွဲရန် လိုအပ်ခြင်း၊ ပြောင်းလဲသွားမည့် ရွေးကောက်ပွဲ အခင်းအကျင်းအသစ်အတွက် အုပ်ချုပ်မှုကိစ္စများ ကြိုတင်စီမံဆောင်ရွက်ရခြင်း စသည့် များပြားလှသော လုပ်ငန်းတာဝန်များကို အချိန်ယူ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆောင်ရွက်သွားရမည် ဖြစ်ပါသောကြောင့် မိမိတို့နိုင်ငံအနေဖြင့် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံး

ရန် အဆိုတင်သွင်းခြင်းအား လတ်တလောသုံးစွဲရန် မသင့်တော်သေးပါကြောင်း အကြံပြုဆွေးနွေး တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်များအားလုံးကို ဦးစွာမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးတဲ့အချိန်မှာ Slide လေးနဲ့ ဆွေးနွေးပြီးတော့ အင်္ဂလိပ်စကားတွေလည်း ရောသုံးမှာဖြစ်ပါတယ်။ ခွင့်ပြုပေးပါရန် လျှောက်ထားအပ်ပါတယ်။

Slide ကလေး ပြပေးပါ။ ကျေးဇူးပြုပြီးတော့ ဟုတ်ကဲ့။ ဒီ ကျွန်တော်တို့ ပြောပြောနေတဲ့ ဒီစနစ်နှစ်မျိုးရဲ့ နှိုင်းယှဉ်ချက်ကို ကျွန်တော် Figure တွေနဲ့တကွ ရှင်းလင်းပေးပါမယ်။ ဒီ Figure(1) ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒီ လွှတ်တော်ကိုယ်စားလှယ်(၅၀) ရှိမယ် ဆိုပါတော့။ ဒီလိုမဲဆန္ဒနယ် တစ်ခု၊ တစ်ခုစီမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီ ဝင်ပြိုင်တဲ့စနစ်က ဒီ Single Member District လို့ ခေါ်တယ်။ လူတစ်ယောက်က မဲဆန္ဒနယ်တစ်ယောက်၊ ပြီးတော့ Figure(2) နဲ့ (3) ကတော့ ဒီ PR စနစ် ဒီလိုပြပါတယ်။ ဒီလွှတ်တော်ကိုယ်စားလှယ် (၅)ယောက်အတွက် မဲဆန္ဒနယ်တစ်ခု သို့မဟုတ် (၁၀)ယောက်အတွက် မဲဆန္ဒနယ်တစ်ခု သို့မဟုတ် တစ်နိုင်ငံလုံး (၅၀)အတွက် မဲဆန္ဒနယ်တစ်ခု အဲဒီလိုမျိုးနဲ့ သတ်မှတ်တဲ့စနစ် ဖြစ်ပါတယ်။ ဒါကို Multi-Member District လို့ ခေါ်တယ်။ သို့မဟုတ် PR လို့လည်း ခေါ်တယ်။ အမျိုးမျိုးပေါ့နော်၊ အခေါ်အဝေါ်တွေက အများကြီး ရှိပါတယ်။ ဒီလို Figure နဲ့ ပြလိုက်လို့ရှိရင် လွယ်ကူမယ်လို့ ထင်ပါတယ်။ ဒီ Figure တွေကတော့ ကျွန်တော် Internet ကနေ Douglas J. Amy က ရေးထားတဲ့စာတမ်းပေါ်မှာ ကျွန်တော် ပြတာဖြစ်ပါတယ်။

ကျွန်တော်တို့ အခုလက်ရှိ ကျင့်သုံးနေတဲ့ PR ကို အခြေခံဥပဒေက ဘယ်လိုရေးလဲဆိုရင် လေ့လာကြည့်ရအောင်။ အခြေခံဥပဒေ ပုဒ်မ ၃၉၃ မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင် (ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည် တဲ့ ဆိုတော့ကာ ဘယ်လိုမှ ဒီ အမျိုးသားလွှတ်တော်အတွက် သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်အတွက် သော်လည်းကောင်း၊ ပြည်နယ်လွှတ်တော်အတွက် သော်လည်းကောင်း ကျွန်တော်တို့ ဒီစနစ်ဟာ သုံးမယ်ဆိုရင် အခြေခံဥပဒေနဲ့ ဆန့်ကျင်တယ်။ လုံးဝသုံးလို့မရတဲ့အကြောင်း တင်ပြလိုပါတယ်။ ပြီးတော့ ကျွန်တော်တို့ အခန်းအဆက်ဆက် ပေါ့နော်၊ အခန်းအဆက်ဆက်ကို ကြည့်မယ်ဆိုရင်လည်း ဒီ ပြည်သူ့လွှတ်တော်အတွက်ဆိုရင်လည်း ပုဒ်မ ၁၀၉ တို့မှာ (၃၃၀)၊ မဲဆန္ဒနယ်(၃၃၀)၊ မြို့နယ်ကို အခြေခံရမယ်တဲ့။ မြို့နယ်တစ်နယ်မှာ အဲဒီလို ပြည်သူ့လွှတ်တော်တစ်ယောက်။ ပြီးတော့ အမျိုးသား လွှတ်တော်အတွက် ထပ်ပြဋ္ဌာန်းထားတာတွေမှာလည်း ပုဒ်မ ၁၄၁ တို့နော်။ အဲဒီလိုမျိုးပဲ မဲဆန္ဒနယ် တစ်နယ်အတွက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး။ ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ

တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီတဲ့ အဲဒီလိုမျိုး မဲဆန္ဒနယ်တစ်ခုစီအတွက် တစ်ဦး အဲဒီလိုပဲ သတ်မှတ်ပေးတယ်။

ပြီးတော့ ပြည်နယ်လွှတ်တော်အတွက် ကြည့်မယ်ဆိုရင်လည်း ပုဒ်မ ၁၆၁ တို့ကို ကြည့်ပါ။ မြို့နယ်တစ်မြို့နယ်လျှင် (၂)ဦးကျစီတဲ့ တစ်ဝက်ကို ခွဲပြီးတော့ မဲဆန္ဒနယ် တစ်ဦး တစ်ဦးပဲ ဆိုတဲ့အခါကျတော့ Figure(1) နဲ့ပဲ ကျွန်တော်တို့ အခြေခံဥပဒေက ပြဋ္ဌာန်းပေးပါတယ်။ လုံးဝ PR ကို သုံးလို့မရပါဘူး။ အခြေခံဥပဒေအရ။ ဒီအခြေခံဥပဒေ ဒီဇိုင်း စဆွဲကတည်းကပင် ဒီပုံစံနဲ့ဆွဲတယ်။ အခုကျွန်တော်တို့ အဆို အောင်ရင်လည်း မရဘူး။ အခြေခံဥပဒေနဲ့ ဆန့်ကျင်နေတယ်။ ပြီးတော့ ကျွန်တော်တို့ အခြေခံဥပဒေကို ပြင်မယ်ဆိုရင်လည်း လူထုဆန္ဒခံယူပွဲ ယူရမယ့် ပုဒ်မတွေနဲ့ သွားညှိနေတယ်။ ဆိုတဲ့အခါကျတော့ အဆင့် အဆင့်ဆင့် ဆိုတော့ ဒီအဆိုက လုံးဝဆိုင်းငံ့ပေးဖို့ ဖြစ်ပါတယ်လို့ ဥက္ကဋ္ဌကြီးကို တင်ပြချင်ပါတယ်။

ဟုတ်ကဲ့။ ပြီးတော့ ဘာပဲဖြစ်ဖြစ် ဒီ PR အကြောင်းလေးကိုတော့ ထပ်ဆွေးနွေးချင်ပါတယ်။ ဟုတ်ကဲ့။ ဆိုတော့ ဆိုကြပါစို့ ဒီ PR ရဲ့အားနည်းချက် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ဘယ်စနစ်မဆို ပေါ့နော် ကျွန်တော်တို့ ပြီးပြည့်စုံအောင် ကောင်းမွန်တဲ့စနစ် ဆိုတာ မရှိပါဘူး။ ဒီမိုကရေစီစနစ်သည် ပင်လျှင် သူ့ရဲ့ အားနည်းချက်တွေ အများကြီးရှိပါတယ်။ ဆိုတော့ PR စနစ်ပဲပြောပြော၊ အခု ကျင့်သုံးတဲ့ Single Member District အခု မဲဆန္ဒနယ်တစ်ယောက်အတွက် ကိုယ်စားလှယ်လောင်းတစ်ဦးပဲ၊ ဘယ်လိုပဲပြောပြော သူ့ရဲ့အားနည်းချက်တော့ ရှိတာပဲ။ သို့သော် ကျွန်တော်တို့နိုင်ငံမှာ ဘယ်ဟာတွေကို ကျင့်သုံးရင် ကျွန်တော်တို့ အခြေအနေတွေလည်း ဘယ်လိုမျိုးတွေနဲ့ ကျွန်တော်တို့ နိုင်ငံအခြေအနေနဲ့ ကြည့်မယ်ဆိုရင် ဘယ်ဟာ သင့်တော်သလဲဆိုတာတော့ ကျွန်တော်တို့ လေ့လာဖို့တော့ လိုတယ်။ PR မှာ အခု ဆိုကြပါစို့ ကျွန်တော်တို့(၅)ယောက်၊ လွှတ်တော်ကိုယ်စားလှယ်(၅)ယောက် သို့မဟုတ် (၁၀)ယောက် အတွက် ဘယ်လို သူတို့ ရွေးကြသလဲဆိုရင် ဒီစနစ်က အခုက Party List Voting System လို့ ခေါ်ပါတယ်။ PR စနစ်ကျင့်သုံးတဲ့နိုင်ငံရဲ့ (၈၀)ရာခိုင်နှုန်းက ဒီစနစ်ကို ကျင့်သုံးပါတယ်။ ဘယ်လို ကျင့်သုံးသလဲဆိုတော့ Next Slide လေးကို ပြပေးပါ။ မဟုတ်ဘူး။ နောက်တစ်ခု Open မဟုတ်ဘူး။ အရင်။ ဒီဟာလေး။ ဟုတ်ကဲ့ ဒီလိုမျိုးပဲ သူတို့ ပြောပါတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်း (၅)ဦး ဆိုပါတော့ (၅)ဦးအတွက် သူက မဲပေးတဲ့အချိန်မှာ ဒီ မဲတစ်ခုပဲ ပေးလို့ရတယ်။

သူက ဒီမိုကရက်တစ်ပါတီ၊ ရီပါဘလီဂန် အဲဒီလိုမျိုးပေါ့နော်။ ဒီ ကွင်းလေးထဲမှာပဲ မဲပေးရမယ်။ ဆိုတဲ့အချိန်ကျတော့ ဒါက သူရဲ့ နောက်ဆုံးရလဒ်အပေါ်မှာ ဒီမိုကရက်တစ်က (၄၀)ရာခိုင်နှုန်း ရမယ်ဆိုရင် သူက (၁၀)ယောက်အတွက် ဆိုပါတော့ (၄)ယောက်ရမယ် အဲဒီလိုမျိုးပေါ့။ အဲဒီလိုနဲ့ ပြန်ခွဲတယ်။ ဒါက သူရဲ့ Voting System ဖြစ်ပါတယ်။ ဆိုတဲ့အချိန်ကျတော့ ဒီမှာဘာအားနည်းချက်တွေ ရှိသလဲဆိုရင် အခု ဆိုပါတော့ (၄၀)ရာခိုင်နှုန်း၊ (၄)ယောက်ဆိုတာ ဒီ (၁၀)ယောက်ထဲမှာ ဘယ်သူက (၄)ယောက်ထဲမှာ အရွေးခံမှာလဲ။ ဆိုတော့ ရှုပ်ပြန်တယ်။ ပါတီတွေမှာ လည်း နားလည်မှုလွဲတာတွေ အများကြီးရှိမယ်။ ဒီမှာ Open နဲ့ Closed ဆိုပြီးတော့ စနစ်တွေ ထပ်ကျင့်သုံးပါတယ်၊ ဒီမှာကျတော့။ Open မှာတော့ ဒါ သူတို့ (၁)၊ (၂)၊ (၃) ဆိုပြီးတော့ ပထမ နာမည် ပေးတဲ့သူပဲ ရတယ်။ အခု (၄)ယောက် ရမယ် ဆိုပါတော့ အဲဒီမှာ ပြဿနာတက်နိုင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း ဘယ်သူ ဝင်မယ်။ အခုဟာ ပါတီဥက္ကဋ္ဌကို ကိုးကွယ်ရမယ့် သဘောမျိုး ဖြစ်နေတယ်။ ကျွန်တော်တို့ပါတီက

(၄)ယောက်ရမယ် (၁၀)ယောက်ဝင်ပြိုင်တာ။ (၄)ယောက်ထဲကနေ ဘယ်သူက ဝင်မှာလဲ။ အဲဒါက ပြဿနာ ရှုပ်ထွေးသွားတယ်။ ဒါပေမဲ့ တချို့(၁၀)မှာ (၁)၊ (၂)၊ (၃)၊ (၄) နဂိုစီစဉ်ထားတဲ့အတိုင်း ရတဲ့စနစ်နဲ့ ကျင့်သုံးပါတယ်။

နောက်တစ်မျိုးမှာတော့ ဒီလိုမပေးဘဲနဲ့ သူ့ရဲ့ နာမည်ဘေးနားလေးတွေမှာ မဲသွားထည့်ပါတယ်။ အဲဒီမှာတော့ ရှင်းပါတယ်။ နာမည်ဘေးနားလေးမှာ မဲသွားထည့်တဲ့အတွက်ကြောင့် သူက မဲအများဆုံးရတဲ့သူက (၄)ယောက်ခွဲတမ်းထဲမှာ (၁၀)ယောက်ထဲကနေ (၆)ယောက်ပြုတ်ပြီးတော့ (၄)ယောက် အများဆုံးရတဲ့အထဲကနေ ရွေးခံရပါတယ်။ ဆိုတော့ ဒါ ထားလိုက်ပါတော့၊ ဒီမှာ သူတို့ ကျင့်သုံးတဲ့နေရာမှာ အနည်းဆုံး ဒီလောက်ရမယ်ဆိုတာမျိုး Threshold လို့ ခေါ်တယ်။ သူတို့ ဆိုတဲ့ အချိန်ကျတော့ ဒီလို သတ်မှတ်ပြန်တော့လည်း ပါတီသေးအတွက် ရှင်သန်နိုင်ဖို့ မလွယ်တော့ဘူး။ လူမျိုးသေးသေးလေးတွေ အတွက်ပေါ့နော်။ ကျွန်တော်တို့ ချင်းပါတီဆိုပါတော့ ချင်းမှာ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးက (၁)ရာခိုင်နှုန်းလောက်ပဲ ရှိတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်တစ်ခုလုံးမှာ မဲဆန္ဒ မြန်မာနိုင်ငံတစ်ခုလုံးကို မဲဆန္ဒနယ်တစ်ခု အဖြစ် အသုံးပြုမယ်ဆိုရင် ချင်းပါတီထဲကနေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးပဲ ထွက်မှာ။ တစ်နိုင်ငံလုံး အတွက် အဲဒီလိုမျိုး အားနည်းချက်တွေလည်း ရှိတယ်။ ပြီးတော့ အခု ဆိုကြပါဆို့ ရခိုင်မှာဆိုရင် အမျိုးသားလွှတ်တော်မှာ ကျင်းပမယ် ဆိုပါတော့ ရခိုင်ကို ကိုယ်စားလှယ် (၁၂)ယောက်စာအတွက် မဲဆန္ဒနယ်တစ်နယ်အတွက် ကျင့်သုံးမယ် ဆိုပါတော့ ဘင်္ဂါလီက အရမ်းများလာတော့ ဘင်္ဂါလီက ထောင်လိုက်လို့ရှိရင် ဘင်္ဂါလီက အကုန်ယူသွားမှာ၊ ရခိုင်အတွက် လွှတ်တော်ကိုယ်စားလှယ်၊ အဲဒီလိုမျိုး အားနည်းချက်။ ပြီးတော့ အခု ပအိုဝ်တို့၊ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာပဲ ဖြစ်ဖြစ်၊ ကျန်တဲ့နေရာတွေမှာပဲ ဖြစ်ဖြစ်၊ လူနည်းစုလေးတွေအတွက် ပါတီထောင်တဲ့ဟာ လုံးဝရှင်သန်ခွင့် မရတော့ဘူး။ ဘယ်လိုမှ သူ့ရဲ့ အနည်းဆုံး (၅)ရာခိုင်နှုန်းလောက်ပဲ သူတို့ ခွင့်ပြုတယ် ဒီ PR တွေကတော့ များသောအားဖြင့် (၅)ရာခိုင်နှုန်း မရဖို့ဆိုတာ မလွယ်ပါဘူး လူမျိုးသေးတွေအတွက် ဆိုတော့ ဒီ အားနည်းချက်တွေလည်း ရှိတယ်။

ပြီးတော့ နောက် အားနည်းချက်တစ်ခုက ဘာလဲဆိုတော့ ဒီ မဲဆန္ဒနယ်တစ်ခုအတွက် (၁၀)ယောက် လွှတ်တော်ကိုယ်စားလှယ် ဆိုတော့ တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုတာ မရှိတော့ဘူး။ လူထုတွေက ဒါ ဘယ်သူလဲ၊ ကျွန်တော့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်က ဘယ်သူလဲဆိုတာ လုံးဝမသိနိုင်တော့ဘူး။ အင်္ဂလိပ်စကားပုံမှာ ရှိတယ်။ Everybody's Duty is Nobody's Duty တဲ့၊ လူအားလုံးရဲ့ တာဝန်ဆိုတာ ဘယ်သူ့တာဝန်မှ မဟုတ်သလိုလို ဖြစ်နေတယ်။ တာဝန်ခံမှုမရှိဘူး။ ကျွန်တော်တို့ အခု ဥပဒေ အရမ်းကြိုက်တဲ့ ဥပဒေပေါ့နော်။ ဒီ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ဆိုတာမျိုးလည်း အသုံးပြုနိုင်ဖို့ နည်းလမ်း လုံးဝမရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့စနစ်ကိုက ဒီလိုဖြစ်နေတယ်။ တာဝန်ခံမှု၊ တာဝန်ယူမှုတွေ လုံးဝမရှိတော့ဘူးဆိုတော့ ပါတီကိုပဲ အဓိက အဲဒီလိုမျိုး ဖြစ်ဖြစ်နေတယ်ဆိုတော့ သူမှာလည်း အားနည်းချက်တွေ အများကြီး ရှိပါတယ်။ ပြီးတော့ နောက်တစ်မျိုးပေါ့နော်၊

ဒီ အဆိုရှင် တင်သွင်းတဲ့ Mixed Member Proportional Voting ဆိုတာကို ကျွန်တော် တင်ပြချင်ပါတယ်။ ဒါကတော့ ဂျာမဏီမှာ ကျင့်သုံးတာပါ။ ဟုတ်ကဲ့၊ ဒါလေးပါ၊ သူတို့မှာတော့ ဘယ်လို ကျင့်သုံးသလဲဆိုရင် လွှတ်တော်နှစ်ရပ်အတွက်ပေါ့နော်၊ မဲပြားတစ်ပြား လုပ်ပြီးတော့ မဲနှစ်မဲ ပေးရ

ပါတယ်။ ဒီ လွှတ်တော်တစ်ရပ်အတွက်တော့ လူနာမည်နဲ့ပဲ သွားပေးတယ်။ ဒီ မဲဆန္ဒနယ်တစ်ခုစီပဲ သတ်မှတ်ပေးတယ်။ Single Member District ပေါ့နော်။ ဆိုတော့ ဒီမှာကျတော့ ရှင်းတယ်။ ပြီးတော့ သူ အဲဒီ မဲတစ်ပြားမှာ သူ နောက်တစ်ခုပေးတာကျတော့ ပါတီပဲ ပေးလို့ရတယ်။ လူပေးလို့ မရတော့ဘူး။ ပါတီကို သူ မဲပေးလိုက်တယ် ဆိုတဲ့အချိန်မှာ ဒီ Member ဒီဘက်အခြမ်းအတွက်တော့ လွယ်တယ်။ ဒါအောင်ရင် အောင်တယ်။ ရှုံးရင် ရှုံးတယ်။ ဒီ လွှတ်တော်တစ်ရပ်အတွက် သူက ဘယ်လိုအချိုးနဲ့ ပြန်တွက်သလဲဆိုရင် သူတို့က Percentage နဲ့ ထပ်ယူတယ်။ Percentage နဲ့ ယူပြီးတော့ အခု (A)ပါတီက (၄၀)ရာခိုင်နှုန်း ရှိတယ်ဆိုပါတော့ သူ အောက်လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ် (၂၈)ရခဲ့တယ်ဆိုပါတော့၊ (၂၈)ရခဲ့ပြီးသား ဖြစ်တဲ့အတွက်ကြောင့် ဒီ အထက်လွှတ်တော်အတွက်ရွေးမယ် ဆိုရင် (၄၀)ရာခိုင်နှုန်းပြည့်ဖို့ရန်အတွက် (၂၈)အပေါင်း (၁၂) အဲဒီလိုမျိုးနဲ့ ထပ်လုပ်တယ်။ ဆိုတော့ ပြီးတော့ အဲဒီလိုမျိုးပေါ့နော်၊ PR စနစ်ကတော့ အရမ်းရှုပ်ထွေးတယ်။ နားလည်ဖို့လည်း မလွယ်ဘူး။ ဒီ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံး မဲပေးတဲ့သူတွေအားလုံး တကယ်စာတတ်မြောက်တဲ့သူ ဖြစ်မှ ရတယ်။ အရမ်းရှုပ်ထွေးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးလို့ လုံးဝမလွယ်ကူတဲ့ စနစ်တစ်ခု ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးဖို့ လုံးဝမသင့်တော်တဲ့အကြောင်း ကျွန်တော် တိုက်တွန်းချင်ပါတယ်။ ပြီးတော့ နောက်ဆုံးမဲစနစ်၊ စနစ်ကတော့ အဓိက(၃)မျိုးပဲ ရှိပါတယ်။ ခုန စောစောတုန်းက (၈၀)ရာခိုင်နှုန်းလောက်က ကျင့်သုံးတဲ့စနစ် အဲဒီမှာ Open နဲ့ Close ဆိုပြီးတော့ မဲပြား မှာ ပေးတာကတော့ ဒါ စနစ်တစ်ခုအနေနဲ့ သတ်မှတ်တယ်ဆိုရင်၊ အခု ဒုတိယ Mixed Member Proportional လို့ ခေါ်တဲ့ ဂျာမဏီနိုင်ငံမှာ ကျင့်သုံးတဲ့ ဒီလိုမျိုးပေါ့နော်၊ အောက်လွှတ်တော်မှာ တစ်မျိုး၊ အထက်လွှတ်တော်မှာ တစ်မျိုး၊ ဒါပေမဲ့ မဲပြန်တွက်တဲ့အချိန်မှာတော့ ဒီလို ရှုပ်ရှုပ်ထွေးထွေး ပြန်တွက်တာ။ အဲဒီလိုမျိုးပေါ့နော်၊ ဒီ စနစ်က Mixed Member Proportional စနစ်လို့ ခေါ်တယ်။

ပြီးတော့ နောက်ဆုံးမှာတော့ ဘာစနစ်လို့ခေါ်လဲဆိုရင် သူက Single Transferable Vote သို့မဟုတ် Choice Voting လို့ ခေါ်တယ်။ ဒီ စနစ်ကတော့ အင်မတန်မှ ရှုပ်ထွေးပါတယ်။ လူတစ်ဦးကို သူတို့ မဲပေးတဲ့အချိန်မှာ သူ့ကို ကြိုက်တဲ့ပုံစံ Rating လုပ်ခိုင်းတယ်။ ဘယ်လောက်အဆင့်ထိ ကြိုက်သလဲပေါ့နော်။ (၁၀)ဆင့် ဆိုပါတော့ သူ့ကို ဘယ်လောက်ကြိုက်သလဲ အရမ်းကြိုက်တယ်ဆိုရင် (၁)၊ သိပ်မကြိုက်ဘူးဆိုရင် (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) လုံးဝမကြိုက်ဘူးဆိုရင်တော့ အဆင့်(၁၀) ပေါ့နော်။ အဲဒီလိုမျိုးကို ပေးပြီးတော့ နောက် ပထမဆုံးမှာ မဲဆန္ဒနယ်အတွက်ပေါ့နော်။ ရွေးကောက်ခံရမယ့် ပုဂ္ဂိုလ် မဲအများဆုံး ရတဲ့သူကို ရွေးလိုက်တယ်။ ပြီးတော့ ကျန်တဲ့မဲတွေမှာ Rating နဲ့ ကျန်မဲပေါ်မှာ ပြန်တွက် ပြီးတော့ မဲကျန်တဲ့ အားလုံး ဒုတိယအပေါ်မှာ ပုံပြီးတော့ နောက်တစ်ယောက်ရွေးတယ်။ နောက် ကျန်တဲ့ မဲကို သူ့ရဲ့ Rating စနစ်နဲ့ ပုံပြီးတော့ နောက်တစ်ယောက်ရွေးတယ်။ ကျန်တဲ့မဲကို Rating နဲ့ ပုံပြီးတော့ ရွေး ရွေး ရွေးသွားတဲ့ စနစ်ဖြစ်ပါတယ်။ အင်မတန်မှ ရှုပ်ထွေးတယ် အဲဒါမျိုးပေါ့။ အဓိကအားဖြင့် PR လို့ ပြောပြောနေတာဟာ ဒီလိုမျိုး (၃)မျိုးပဲ ကျင့်သုံးပါတယ်။ အဓိကအားဖြင့်ဆိုတော့ ကျွန်တော်တို့ စောစောတုန်းက ပြောတဲ့ (၈၀)ရာခိုင်နှုန်းလောက်က အသုံးပြုတာတဲ့ Party List Voting System ပေါ့နော်။ ဒုတိယမှာတော့ Mixed Member စနစ်နဲ့ အခု နောက်ဆုံးစနစ် ဖြစ်ပါတယ်။ ဒီစနစ် (၃)မျိုး စလုံးကလည်း အင်မတန်မှ ရှုပ်ထွေးပါတယ်။ ကျွန်တော်တို့နိုင်ငံမျိုးမှာ ကျင့်သုံးဖို့ လုံးဝမသင့်တော် ပါဘူးလို့ ကျွန်တော် တင်ပြချင်ပါတယ်။

ကျွန်တော်က ဒီလောက်နဲ့ပဲ ဆွေးနွေးပြီးတော့ ကျွန်တော် ပထမတင်ပြချင်တာကတော့ ဒီဟာသည် အခြေခံဥပဒေနဲ့ မကိုက်ညီတဲ့အတွက်ကြောင့် ဆိုင်းငံ့ပေးပါရန် သို့မဟုတ် ဒါ ဒီအတိုင်းပဲ။ ဆွေးနွေးတာတော့ ပြည်သူလူထုအားလုံး ဗဟုသုတရအောင်၊ သူက ဘာဖြစ်လို့လဲဆိုတော့ နောင် တစ်ချိန်မှာ ပြောင်းတဲ့အချိန် ပြည်သူလူထု သူတို့က မဲဆန္ဒလည်း လိုတယ်။ (၅၀)ရာခိုင်နှုန်းမဲလည်း လိုတဲ့အတွက်ကြောင့် ဆွေးနွေးတာတော့ ကျွန်တော်တို့အားလုံး ဆွေးနွေးပြီးတော့ ဒါကတော့ လုံး၀ အခြေခံဥပဒေနဲ့ မညီတဲ့အတွက်ကြောင့် အခု လောလောဆယ်မှာ ကျင့်သုံးဖို့ မသင့်တော်တဲ့အတွက် ကြောင့် အခြေခံဥပဒေ ပြင်မယ်ဆိုရင်လည်း Design တွေကအစ အကုန်လုံးပြန်ပြင်ရမှာ ဖြစ်တဲ့အတွက် ကြောင့် လုံး၀မဖြစ်နိုင်ပါဘူး။ ပြီးတော့ ဗဟုသုတအနေနဲ့ ဆွေးနွေးတဲ့အချိန်မှာလည်း ကျွန်တော် ဒီစနစ်သည် အခု ကျွန်တော်တို့ Single Member District ကလည်း အားနည်းချက်တော့ ရှိပါတယ်။ လူအများစု (၅၀)ရာခိုင်နှုန်းကျော် မဲမရရင်လည်း သူက အများစု ဖြစ်တဲ့အတွက်ကြောင့် လွှတ်တော် ကိုယ်စားလှယ်တော့ ဖြစ်သွားပါတယ်။ ဒါမျိုး အားနည်းချက်လေးတွေတော့ ရှိတယ်။ သို့သော် တော်တော်လေး ရှင်းပါတယ်။

ဒီစနစ်လေးတွေက ကျွန်တော်တို့ အမှန်ဆိုရင် သမိုင်းကို ကြည့်မယ်ဆိုရင် ဒါ ဘယ်ကနေ စတင်လဲဆိုတော့ ၁၈၂၁ မှာ သောမတ်စ်ရစ်ဟီး ဆိုတဲ့ ဒီ ကျောင်းအုပ်ဆရာကြီးတစ်ယောက် က ပေါ်နော်။ သူ့ကျောင်းမှာ ရွေးကောက်ပွဲစနစ်ကို ထွင်လိုက်တာ ဖြစ်ပါတယ်။ ထွင်လိုက်ပြီးတော့ ၁၈၄၀ လောက်မှာ သူ့သားက စနစ်တကျ ပြန်လုပ်တယ်။ ၁၈၅၇ လောက်မှာ အင်္ဂလန်နိုင်ငံမှာ ကျင့်သုံးဖို့ သူတို့ စဥ်းစား လိုက်သေးတယ်။ နောက်ပိုင်းမှာ Parliament က လုံး၀ Reject လုပ်လိုက်တယ်။ ဒါဟာ လုံး၀ မသင့်တော်ဘူး ဆိုပြီးတော့ လုပ်လိုက်တယ်။ ပြီးတော့ ပြင်သစ်နိုင်ငံမှာလည်း အလားတူပဲ ၁၉၅၈ လောက်မှာ အင်တာနက်ကနေ Wikipedia ကနေ ပြောတာပါ။ ၁၉၅၈ လောက်မှာ ကျင့်သုံးပြီးတော့ သူတို့ ရှုပ်ထွေးလွန်းလို့ ပြန်ဖျက်တယ်။ ပြင်သစ်မှာ အဲဒီလိုပါပဲ။ တချို့နိုင်ငံတွေမှာလည်း အဲဒီလိုပဲ ပြန်မကျင့်သုံးတဲ့ ဟာလေးတွေရှိပါတယ်။ ဆိုတော့ စထွင်တဲ့ အင်္ဂလန်ကလည်း သူက မကျင့်သုံးချင်ပါဘူး။ အဲဒါကြောင့် ဒီစနစ်သည် ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးဖို့ မသင့်တော်တဲ့စနစ်ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးဖို့ အမည်စာရင်း ပေးထားပြီး ကျန်ရှိတဲ့ ကိုယ်စားလှယ်များ မနက်ဖြန်မှာ ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း အသိပေး ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၃း၂၇ နာရီ အချိန်တွင် ရပ်နားပါသည်။]